ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့၊ (29-3-2011) (၆၇၁၈)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပ

## မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုကို ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူခြင်းနှင့် အာဆီယံပါလီမန်အမတ်များ ညီလာခံသို့ တင်းပြည့်အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ပြည်ထောင်စုလွှတ်တော်၏ သဘောထားရယူခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂၈

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၅၆)ဦး ရှိသည့်အနက် (၆၅၃)ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉. ၅၄) ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် (ခ) ဦးနိုင်လှမောင်၏ **"မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှု"** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် **"ဈေးနှုန်းသက်သာစွာဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိရေး"**နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ **"ပဲခူးတိုင်းဒေသကြီး အတွင်း ဆည်ရေသောက်စနစ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး"** နှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

(29-3)01.pmd 1 3/29/2011, 2:21 AM

ကြေးမုံ The Mirror

၂၉-၃-၂၀၁၁ (အင်္ဂါနေ့)

# သင်ကြားရေးနှင့် သုတေသန ယှဉ်တွဲဖော်ဆောင်

သိပ္ပံနှင့်နည်းပညာရပ်များ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည်။ နိုင်ငံအလိုက် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြင့် ကြိုးပမ်းနေကြသည်။ ဘဏ္ဍာရေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ်နှင့် လူသားအရင်းအမြစ်များ ပေါင်းစည်းခြင်းနည်းလမ်းများဖြင့် အားထုတ်နေကြသည်။

နိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူတစ်ရပ်လုံး၏ စွမ်းအားဖြင့် တည်ဆောက်သွားကြရပေမည်။ နိုင်ငံခေတ်မီဖွံ့ဖြိုးစေရေးတွင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ရပ်တည်နိုင်မှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်မည်။ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဟန်ချက်ညီညီပေါင်းစည်းဖော်ဆောင်ခြင်းဖြင့် ခေတ်သစ်စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားနိုင်မည်ဖြစ်သည်။

ယနေ့ကာလတွင် အနာဂတ်နိုင်ငံတော်သစ်အတွက် လိုအပ်သောပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးထားပြီ။ ဒေသအလိုက် အရည်အသွေးမြင့်မားအသိပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်ပေးနိုင်ရေး ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုစီတွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ တည်ထောင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ ဒေသအလိုက် အဆင့်မြင့်ပညာရပ်များ လက်လှမ်းတမီသင်ယူနိုင်ကြပြီ။

ပညာရေးကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်စုံတွင် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တစ်ပြေးညီ ထွန်းကားလာစေရေး အားထုတ်ကြရပေမည်။ မျက်မှောက်ကာလအတွက်သာမက အနာဂတ်ကို မျှော်မှန်းသည့်သိပ္ပံနှင့်နည်းပညာရပ်များ၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာကျွမ်းကျင်ထက်မြက်သူများ ပိုမိုထွက်ပေါ်လာစေရန် စွမ်းဆောင်ကြရမည်ဖြစ်သည်။

မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့်အညီ အစဉ်လေ့လာသင်ယူနေသောလူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်ရာတွင် ဆရာ၊ ဆရာမ များသည် ဥယျာဉ်မှူးများဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအား ပညာရည်ထူးချွန်ထက်မြက်ရေးသာမက စိတ်ဓာတ်အတွေးအမြင် အလေ့အထကောင်းများရရှိစေရေး ပြုစုပျိုးထောင် သင်ကြားပေးကြရပေမည်။ စက်မှုနှင့်နည်းပညာသုတေသနလုပ်ငန်းများအပါအဝင် အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေမည့်သုတေသနလုပ်ငန်းများ တိုးချဲ့ဖော်ဆောင်သွားကြရန် လိုအပ်သည်။

ဆရာ၊ ဆရာမများအနေဖြင့် ဒေသအလိုက် ပညာရေးအရည်အသွေးမြင့်မားရေး သင်ကြားပို့ချနေကြသည်။ အတတ်ပညာဆိုင်ရာ သင်ကြားရေးနှင့်အတူ မိမိတို့တာဝန်ကျရာ ဒေသအသီးသီးရှိ တိုင်းရင်းသားရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများ၊ သဘာဝသယံဇာတများစသည်တို့ကို စဉ်ဆက်မပြတ်ဖော်ထုတ်သုတေသနပြုသွားကြခြင်းဖြင့် ပညာရည်မြင့်မားသော သားကောင်းသမီးမွန်များပေါ်ထွက်ရေးနှင့် အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ပိုမိုအကျိုးပြုနိုင်ကြမည်ဖြစ်ပါသည်။ ။




## မအူပင်ဘိုးဘွားရိပ်သာ တည်ဆောက်ရေး အလှူငွေ ပေးအပ်

**မအူပင် မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ ဘိုးဘွားရိပ်သာတည်ဆောက်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအဖွဲ့ရုံး ရှင်းလင်းဆောင်၌ မတ် ၁၂ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

ပထမအကြိမ်အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၄၁ ဦးက အလှူငွေကျပ် ၄၀၁ သိန်းကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်သည်။ မြို့နယ်သူ၊ မြို့နယ်သားများက သဒ္ဓါတရားထက်သန်စွာဆက်လက်လှူဒါန်းလျက်ရှိကြပြီး ဆက်သွယ်လှူဒါန်းလိုသူများအနေဖြင့် ဦးညွန့်စိန် ဖုန်း-၀၉-၈၅၈၅၇၁၃၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၁၁၉၄၁၀၊ ဦးဟိုက်ဂီ ဖုန်း-၀၉-၈၅၈၆၁၀၁၊ ဦးသိန်းမောင် ဖုန်း-၀၄၅-၁၀၃၈၄၊ ဦးကျင်ဝင်း ဖုန်း-၀၄၅-၃၀၆၂၄နှင့် အဖွဲ့ရုံး ဖုန်း-၀၉-၄၉၇၅၂၇၅၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (မြို့နယ်စာပေနှင့် စာနယ်ဇင်း)

## တစ်ချက်တည်းကျင်းဝင်

**နေပြည်တော် မတ် ၂၈**

နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယဌာနမှူး ဦးဇော်မျိုးအောင်သည် ကစားဖော်များဖြစ်ကြသော ဦးအောင်ဇော်ထွေး (ဂျူပီတာဗီးနပ်ကုမ္ပဏီ)၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဌာနခွဲမှူး ဦးရဲခေါင်မြင့်တို့နှင့်အတူ မတ် ၂၆ ရက်တွင် နေပြည်တော်မြို့တော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon No(4) ဘောလုံးကို Callway Iron No(6) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၆ ကိုက်အကွာတွင်ရှိသော ကျင်းအမှတ်(၃)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဒေါက်တာ စိုင်းမောက်ခမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်အား ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဒေါက်တာစိုင်းမောက်ခမ်းတို့ နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်အား ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဒေါက်တာ စိုင်းမောက်ခမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်အား သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယကနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးတင်မြင့်အား ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

# (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု မြန်မာ CP OPEN & INTER CLUB တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မတ် ၂၈**

**(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar CP Co., Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာ CP OPEN & INTER CLUB တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။**

ဆုချီးမြှင့်ပွဲတွင် ဧရာဝတီဘဏ်ရုံးချုပ် ဥပဒေအတိုင်ပင်ခံ ဦးညီညီက အသက်(၁၆) နှစ်အောက် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲများတွင် ဆုရရှိကြသော လူငယ်မောင်မယ်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် Myanmar CP Co., Ltd.မှ အကြံပေးအရာရှိ ဦးစိုးလွင်က အမျိုးသား + အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမရရှိသော ဖြိုးမင်းသာ (အမှတ် ၁- စက်မှု)နှင့် မေသီထွန်းတို့အတွဲ၊ ဒုတိယရရှိသော ခင်မောင်ဝင်းနှင့် ချစ်စုရည်တို့အတွဲ ၊ ပူးတွဲတတိယရရှိကြသော အေးထွန်း + ဇူးဇူးတို့အတွဲနှင့် မင်းမင်း+ကြည်မြဇော် အတွဲတို့အား လည်းကောင်း၊ အမျိုးသားအလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမရရှိသော ဖြိုးမင်းသာ (အမှတ် ၁ -စက်မှု)နှင့် မင်းမင်းအတွဲ၊ ဒုတိယရရှိသော ခင်မောင်ဝင်းနှင့် မြတ်ခိုင်စိုးအတွဲ၊ ပူးတွဲတတိယရရှိကြသော ကျော်စံဝင်းနှင့် မျိုးလွင်ဦးအတွဲနှင့် အေးထွန်းနှင့် အောင်မိုးအတွဲတို့အား လည်းကောင်း၊ Myanmar CP Co., Ltd. မှ အကြံပေးအရာရှိ ဒေါက်တာ သန်းဌေးက အမျိုးသမီးအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော ကြည်မြဇော်၊ ဒုတိယရရှိသော ဆုဝေဖြိုး၊ ပူးတွဲတတိယရရှိကြသော ယဉ်သူဇာလွင်နှင့် ဇင်မာထွေးတို့အား လည်းကောင်း၊ အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော မင်းမင်း၊ ဒုတိယ ရရှိသော ဖြိုးမင်းသာ(အမှတ်၁-စက်မှု)၊ ပူးတွဲတတိယရရှိကြသော ခင်မောင်ဝင်းနှင့် ဇင်ဘိုတို့အား လည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို အလှည့်ကျပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဦးဇော်ဇော်က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယရရှိသော Excellent Unity အသင်း၊ ပူးတွဲ တတိယရရှိကြသော Y. C. D. C အသင်းနှင့် စစ်အင်ဂျင်နီယာအသင်းတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ CP OPEN & INTER CLUB တင်းနစ်ပြိုင်ပွဲ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဦးဇော်ဇော် ဆုပေးအပ်ချီးမြှင့်စဉ်။**

(တင်းနစ်အဖွဲ့ချုပ်)



✳ ရှေ့ဖုံးမှ

စပ်လျဉ်းသည့် မေးခွန်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏ **“နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားတိုင်းအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဝင် လူဦးရေစာရင်းများ ပြုလုပ်ပေးရေး”**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်၏ **“အောင်ပန်း-လွိုင်ကော်-မယ်စဲ့ ကားလမ်းကို အဆင့်မြှင့်တင်ရေးနှင့် သံလွင်မြစ်ကူးတံတား (ဖာဆောင်း) တည်ဆောက်ပေးရေး”**နှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်တို့က ပြန်လည်ဖြေကြားကြသည်။

ကြယ်ပွင့်ပြ မေးခွန်းများအနက် ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် (ခ) ဦးနိုင်လှမောင်က တင်သွင်းထားသည့် **“နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးရေး”**နှင့် စပ်လျဉ်းသည့် မေးခွန်းကိုမေးမြန်းရန် ဖြစ်သော်လည်း ၎င်းမေးခွန်းမှာ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုင်းမြမောင် မေးမြန်းပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြန်လည်ဖြေကြားခဲ့သည့် မေးခွန်းနှင့် တစ်သဘောတည်းဖြစ်နေသည့်အတွက် မေးခွန်း တင်သွင်းသည့် ကာယကံရှင်ကိုယ်တိုင်က ၎င်းမေးခွန်းကို မေးမြန်းလိုခြင်းမရှိတော့ပါကြောင်း တင်ပြပြီး ပြန်လည်ရုပ်သိမ်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **“ပြည်ပပြောင်းရွှေ့လုပ်သားများဆိုင်ရာ ဌာနတစ်ခုကို သင့်လျော်သည့် ဝန်ကြီးဌာနလက်အောက်တွင် ဖွဲ့စည်းဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ အေးမောင်၏ **“နိုင်ငံတော်အတွင်း ကြက်၊ ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းကြောင့် ကြက်၊ ဘဲများအား သုတ်သင်ရှင်းလင်းရသည့်အခါ မွေးမြူရေးသမား နိုင်ငံသားလုပ်ငန်းရှင်များ မနစ်နာစေရန်အတွက် လျော်ကြေး သို့မဟုတ် ထောက်ပံ့ငွေပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အထူးချေးငွေ ထုတ်ချေးပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အာဆီယံပါလီမန်အမတ်များညီလာခံ (ASEAN Inter-Parliamentry Assembly-AIPA) သို့ ပြည်ထောင်စုလွှတ်တော်က တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ရန် ပြည်ထောင်စုလွှတ်တော်၏ သဘောထားကို ရယူသည်။ လွှတ်တော်က သဘောတူသည့်အတွက် အာဆီယံ ပါလီမန်အမတ်များ ညီလာခံ (ASEAN Inter-Parliamentry Assembly-AIPA)သို့ တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ရန် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို မတ်လ ၂၉ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

# ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် (ခ) ဦးနိုင်လှမောင်၏ “မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှု”နှင့် စပ်လျဉ်းသည့် မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ပြန်လည်ဖြေကြား

**နေပြည်တော် မတ် ၂၈**

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် (ခ) ဦးနိုင်လှမောင်က **၂၀၁၀ ခုနှစ် ဒီဇင်ဘာလတွင် မိုးရွာသွန်းမှုကြောင့် ရိတ်သိမ်းပြီးစ စပါးများ ပျက်စီးခဲ့ရကြောင်း၊ ထိုသို့ နစ်နာဆုံးရှုံးမှုများအတွက် စာရင်းကောက်ယူထားမှု ရှိ၊ မရှိနှင့် နောင်အနာဂတ် ရာသီဥတု ဖောက်ပြန်မှုအန္တရာယ်များ ကျရောက်လာပါက ကာကွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးမြန်းသည်။



ပြန်လည်ဖြေကြား

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။**

(သတင်းစဉ်)

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ဒေသအလိုက် စပါးသီးနှံအပါအဝင် သီးနှံအားလုံး၏ စိုက်ပျိုးမှု၊ ရိတ်သိမ်းမှုတို့ကို နေ့အလိုက် ဒေသခံမြေစာရင်းဌာနများ၌ စာရင်းကောက်ယူပြုစုပြီး ဝန်ကြီးဌာနသို့ အပတ်စဉ် တင်ပြရပါကြောင်း၊ သီးနှံအလိုက် စာရင်းကောက်ယူမှုသည် ဝန်ကြီးဌာန၏ အမြဲတမ်းဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် မွန်ပြည်နယ်အတွင်း မိုးရွာရက် ပျမ်းမျှ (၃)ရက်၊ မိုးရေချိန် (၄. ၉၂)လက်မ ရွာသွန်းခဲ့၍ ရွာသွန်းမြဲ (၁. ၃)လက်မထက် (၃. ၆၂)လက်မ ပိုမိုရွာသွန်းခဲ့သည်ကို မှတ်တမ်းများအရ သိရှိရပါကြောင်း၊ မွန်ပြည်နယ် တောင်သူလယ်သမားများအနေဖြင့် ဆောင်းသီးနှံ၊ ပဲအမျိုးမျိုး အချိန်မီ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ကြရသဖြင့် ရိတ်သိမ်းပြီးစပါးများကို နယ်လှေ့ခြင်းမပြုမီ ကန်သင်းပေါ်နှင့် တလင်းများတွင် စုပုံထားလေ့ရှိကြ၍ ချောင်းဆုံနှင့် မုဒုံမြို့နယ်များတွင် ရေစိုမှုရှိခဲ့သော်လည်း လေလွင့်ဆုံးရှုံးမှု မရှိစေရန်နှင့် နည်းပါးစေရန် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသဖြင့် စပါးခင်းများအနေဖြင့် တံစဉ်လွတ်ပျက်စီးခြင်းများ မရှိခဲ့ဘဲ ထိခိုက်မှုအနေနှင့် စပါးစေ့အရောင်ပျက်ခြင်း အနည်းငယ်သာရှိခဲ့ပါကြောင်း၊ ထိခိုက်မှုအနေဖြင့် မုဒုံမြို့နယ်တွင် ဧက (၂၀၀)နှင့် ချောင်းဆုံမြို့နယ်တွင် ဧက (၁၅၀) ခန့်ရှိခဲ့ပါကြောင်း၊ ထို့အတူ ချောင်းဆုံမြို့နယ် ကော့မုပွန်ကျေးရွာနှင့် ကညော်ကျေးရွာများရှိ ပဲလွမ်း ဧက(၆၀)နှင့် ဗိုလ်ကိတ် ဧက (၆၀) ကြပြီးစ အခင်းများ မိုးရေဝင်၍ ပျက်စီးသွားခဲ့သော်လည်း ချက်ချင်း ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ ထိုသို့ အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် သီးနှံများ ပျက်စီးမှုရှိနိုင်သည့်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သက်ဆိုင်ရာ တိုင်းဒေသကြီးများကို စာရင်းပြုစု တင်ပြရန် သီးခြားမေးမြန်းခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွဲ့စည်းပေးထားသော စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များကို စိစစ်တင်ပြစေခဲ့ပါကြောင်း၊ စိစစ်တင်ပြချက်များအရ ထိခိုက်မှုအနည်းငယ်သာရှိပြီး သီးနှံပျက်စီးမှုမရှိခဲ့ပါကြောင်း။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် မိုးလေဝသသတင်းများကို အခြေပြုပြီး ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လာခဲ့လျှင် သီးနှံစိုက်ပျိုးမှု၊ ရိတ်သိမ်းမှုများ၌ ထိခိုက်ပျက်စီးမှု မရှိစေရေး၊ ထိခိုက်မှုရှိပါကလည်း လျော့နည်းသက်သာစေရေးတို့အတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ တောင်သူလယ်သမားများ အကျိုးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နှိုးဆော်ချက်များ ထုတ်ပြန် အသိပေးလျက်ရှိပါကြောင်း။

**အဓိက စိုက်ပျိုးထုတ်လုပ်သည့် စပါးသီးနှံရိတ်သိမ်းခြွေလှေ့မှု လုပ်ငန်းများ၌ စက်ကိရိယာများ အသုံးပြုပြီး တလင်းပျောက်စနစ်ဖြင့် ခြွေလှေ့နိုင်ရေး၊ရိတ်သိမ်းခြွေလှေ့ပြီးစပါးများကို အမိုးအကာအောက် ရောက်ရှိစေရေးနှင့် မိုးမိပါက အခြောက်ခံရမည့် နည်းလမ်းများကိုလည်း ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း။**

**ရာသီဥတုဖောက်ပြန်မှုများ ဖြစ်လာနိုင်သည့်အခြေအနေရှိတိုင်း ကြိုတင်သတိပေးခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်းတို့ဖြင့် ထိခိုက်မှုမရှိစေရန်၊ ထိခိုက်မှုရှိပါကလည်း အနည်းဆုံးဖြစ်စေရန် အသိပေး ကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ သီးနှံစိုက်ပျိုးရိတ်သိမ်းထွက်ရှိမှုအားလုံးအား စာရင်းကောက်ယူ မှတ်တမ်းတင်ထားမှုများ ပြုလုပ်လျက်ရှိပါကြောင်း**ဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

# ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ “ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်ရေသောက်စနစ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး”နှင့် စပ်လျဉ်းသည့် မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ပြန်လည်ဖြေကြား

**နေပြည်တော် မတ် ၂၈**

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက နိုင်ငံတော်က **စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းစီမံကိန်းများ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းတွင် ဆည်များပြီးစီးသော်လည်း ဆည်ရေသောက်စနစ်များ ပြီးစီးမှုမရှိသေးပါကြောင်း၊ ဆည်ရေသောက်စနစ်များ ဆက်လက် အကောင်အထည်ဖော်မည့်အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သို့ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း** မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက **ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်မြောင်းစီမံကိန်းများတွင် ရေလှောင်တမံများ ပြီးစီးသော်လည်း ဆည်ရေသောက်စနစ်များ ပြီးစီးခြင်းမရှိသေးသည့်အတွက် ဆည်ရေသောက်စနစ်များကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ဆောက်ဆဲ ဆည်ရေသောက်စနစ် စီမံကိန်းများအနေဖြင့် နိုင်ငံတော်က ပဲခူးတိုင်းဒေသကြီးအတွင်း စီမံကိန်း(၈)ခု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကောလိယ ရေလှောင်တမံစီမံကိန်း၊ ဘိုင်းဒါး ရေလှောင်တမံ စီမံကိန်း၊ အလိုင်နီ ရေလှောင်တမံစီမံကိန်း၊ မင်းလှ ရေလှောင်တမံစီမံကိန်း၊ ဘော်ဘင် ရေလှောင်တမံစီမံကိန်း၊ ဂမုန်းရေလှောင်တမံစီမံကိန်း၊ ခပေါင်း ရေလှောင်တမံ စီမံကိန်းနှင့် ရဲနွယ် ရေလှောင်တမံ စီမံကိန်းတို့ ဖြစ်ပါကြောင်း၊ စုစုပေါင်း အကျိုးပြုဧရိယာမှာ ဧက (၂၇၈၂၃၀) ဖြစ်ပါကြောင်း၊ ၎င်းအပြင် ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံတကာချေးငွေနှင့် ဆောင်ရွက်လျက်ရှိသော ဆည်ရေသောက်စီမံကိန်းများအနေဖြင့် အိုပက်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် သုံးဆယ် ရေလှောင်တမံစီမံကိန်းနှင့် ခပေါင်းရေလှောင်တမံ (လက်ယာတူးမြောင်း) ဆည်ရေသောက်စနစ် စီမံကိန်းတို့ဖြစ်ပြီး အကျိုးပြုဧရိယာမှာ ဧက (၈၈၅၀၀)ဖြစ်ပါကြောင်း။**

**သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်ရေသောက်စနစ်များ တည်ဆောက်ပြီးစီးပါက စုစုပေါင်း အကျိုးပြုဧရိယာ ဧက(၃၆၆၇၃၀) တိုးတက်လာမှာ ဖြစ်ပါကြောင်း၊ အလျဉ်းသင့်၍ တင်ပြရလျှင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆည်မြောင်းစီမံကိန်းများ ဆောင်ရွက်ခဲ့ပြီး ဆည်ရေသောက်စနစ်များကို ဆက်လက်တည်ဆောက်လျက်ရှိပါကြောင်း။**

မကွေးတိုင်းဒေသကြီးတွင် ဆည်ရေသောက်စနစ်စီမံကိန်း(၃)ခု ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဒေးရေလှောင်တမံစီမံကိန်း၊ ပဒဲရေလှောင်တမံစီမံကိန်းနှင့် ဘွက်ကြီးရေလှောင်တမံစီမံကိန်းတို့ ဖြစ်ပါကြောင်း၊ အကျိုးပြုဧရိယာမှာ (၁၇၄၈၉)ဧက ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးတွင် ဆည်ရေသောက်စနစ်စီမံကိန်း(၂)ခု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချောင်းမငယ်ရေလှောင်တမံနှင့် ပေါင်းလောင်းရေလှောင်တမံတို့ ဖြစ်ပါကြောင်း၊ အကျိုးပြုဧရိယာမှာ ဧက (၄၃၀၀၀) ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မြောက်ယမားတိုးချဲ့ ဆည်ရေသောက်စနစ် ဆောင်ရွက်လျက်ရှိပြီး အကျိုးပြုဧရိယာမှာ ဧက(၁၀၀၀၀)ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးတွင် လဂွမ်းပြင်ရေလှောင်တမံစီမံကိန်း ဆည်ရေသောက်စနစ်ကို ဆောင်ရွက်လျက်ရှိပြီး အကျိုးပြုဧရိယာမှာ ဧက(၅၀၀၀) ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် မမြ ရေလှောင်ရေတမံ စီမံကိန်း ဆည်ရေသောက်စနစ်ကို ဆောင်ရွက်လျက်ရှိရာ အကျိုးပြုဧရိယာ ဧက(၁၀၀၀၀) ဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကညင်ရေလှောင်တမံ စီမံကိန်း၏ ဆည်ရေသောက်စနစ်ကို နိုင်ငံတကာချေးငွေဖြစ်သော ဆော်ဒီချေးငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး အကျိုးပြုဧရိယာမှာ ဧက(၂၅၀၀၀) ဖြစ်ပါကြောင်း။

မွန်ပြည်နယ်တွင် ကတိုက်ရေလှောင်တမံ စီမံကိန်း ဆည်ရေသောက်စနစ်ကို ဆောင်ရွက်လျက်ရှိပြီး အကျိုးပြုဧရိယာမှာ ဧက(၁၀၀၀၀) ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်တွင် ပြိုင်းချောင်းရေလှောင်တမံနှင့် ဇီးချောင်းရေလှောင်တမံ စီမံကိန်းများ၏ ဆည်ရေသောက်စနစ်များကို ဆောင်ရွက်လျက်ရှိပြီး အကျိုးပြုဧရိယာမှာ ဧက(၆၀၀၀) ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် မုန်းရင်ရေလှောင်တမံ စီမံကိန်း ဆည်ရေသောက်စနစ်ကို ဆောင်ရွက် လျက်ရှိပြီး အကျိုးပြုဧရိယာမှာ ဧက(၂၆၀၀) ဖြစ်ပါကြောင်း။

ကရင်ပြည်နယ်တွင် ရေဘုတ်ရေလှောင်တမံစီမံကိန်း ဆည်ရေသောက်စနစ်ကို ဆောင်ရွက်လျက်ရှိပြီး အကျိုးပြုဧရိယာမှာ ဧက(၃၀၀၀) ဖြစ်ပါကြောင်း။

စုစုပေါင်းအနေဖြင့် ဆည်ရေသောက်စနစ် စီမံကိန်း(၂၃)ခုဆောင်ရွက်ပြီးစီးပါက အကျိုးပြုဧရိယာ (၄၉၈၈၁၉)ဧက ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ဆည်ရေသောက်ဧရိယာများ တိုးမြင့်လာခြင်းဖြင့် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ကျော်လွှားနိုင်မည်ဖြစ်ပြီး တစ်သီးမှ နှစ်သီး၊ သုံးသီးစားအထိ စိုက်ပျိုးနိုင်ခြင်းဖြင့် တောင်သူလယ်သမားများ ဝင်ငွေ(၂)ဆမှ (၃)ဆအထိ တိုးတက်ရရှိမည့် အကျိုးကျေးဇူးများ ခံစားရမည် ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ဘဏ္ဍာငွေ ခွင့်ပြုပေးမှုအပေါ် မူတည်၍ နှစ်စဉ် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

# တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) အလှူငွေပေးအပ်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၈**

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို ဧပြီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် မရမ်း ကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိဇ္ဇာစရဏသမ္ပန္နောဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၀ခုနှစ် အောက်တိုဘာ ၃ရက်နောက်ပိုင်းလှူဒါန်း ထားသူများ ထိုနေ့ နံနက် ၈ နာရီ အရောက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဖုန်း- ၀၁-၉၆၉၉၆၀၂၊ ၀၁-၅၃၉၇၃၈၊ ၀၁-၆၄၇၁၆၃၊ ၀၁- ၂၄၃၉၉၃၊ ၀၉-၅၁၅၅၉၁၇၊ ၀၉-၅၁၅၀၅၆၉နှင့်နီးစပ်ရာ အသင်းအမှုဆောင်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

# ကိုကိုးကျွန်းမြို့နယ်၌ လယ်ယာသန်းခေါင်စာရင်း ကောက်ယူ

**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမောင်ငယ်နှင့် ဦးအုန်းမြင့်တို့သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်တွင် မတ် ၈ရက်မှ ၂၀ ရက်အထိ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဝန်ထမ်းနှစ်ဦးအား ဂုဏ်ပြုပွဲ အခမ်းအနားကို မတ် ၂၂ ရက်တွင် ကျင်းပရာ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်း ဒါရိုက်တာဒေါက်တာဝင်းထွဋ်၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်း၊ ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်သန်းလွင်နှင့် တိုင်းဒေသကြီး မြေစာရင်းရုံးဝန်ထမ်းများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ (မြေစာရင်း)

(29-3)03.pmd 1 3/29/2011, 2:21 AM

# မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏ "နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားတိုင်းအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဝင် လူဦးရေစာရင်းများ ပြုလုပ်ပေးရေး" နှင့် စပ်လျဉ်းသည့်မေးခွန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြန်လည်ဖြေကြား



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၂၈**

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက **နိုင်ငံသားမိဘနှစ်ပါးက မွေးဖွားသော နိုင်ငံသားတိုင်းအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဝင် လူဦးရေစာရင်းပုံစံ (၁၀)များကို သက်သာသောစရိတ်နှုန်းထားဖြင့် မြန်ဆန်စွာပြုလုပ်ပေးနိုင်သော နည်းလမ်းများ ရှိ၊ မရှိ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဝင်စာရင်းများကို သက်သာသောစရိတ်နှုန်းထားဖြင့် မြန်ဆန်စွာပြုလုပ်ပေးနိုင်သော နည်းလမ်းရှိပါက မည်သည့်အချိန်ကာလမှစ၍ ဆောင်ရွက်ပေးမည်၊ နိုင်ငံသားမိဘနှစ်ပါးက မွေးဖွားသော နိုင်ငံသားများအား ကာလစည်းကမ်းသတ်ဖြင့် တရားဝင်ထုတ်ပေးခဲ့သော ယာယီမှတ်ပုံတင်ကတ်ပြားနှင့် ယာယီ အိမ်ထောင်စုဝင်လူဦးရေစာရင်းများ၏ အခြေခံစာရင်းအပေါ်မူတည်၍ တရားဝင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဝင်လူဦးရေစာရင်းများကို သက်သာသော စရိတ်နှုန်းထားဖြင့် မြန်ဆန်စွာ ပြုလုပ်ပေးနိုင်သော နည်းလမ်းများ ရှိ၊ မရှိနှင့် ကာလစည်းကမ်းသတ်ဖြင့် တရားဝင်ထုတ်ပေးခဲ့သော ယာယီမှတ်ပုံတင်ကတ်ပြားနှင့် ယာယီ အိမ်ထောင်စုဝင်လူဦးရေစာရင်းများကို အခြေခံစာရင်းဖြင့် တရားဝင်စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဝင် လူဦးရေစာရင်းများ သက်သာသောစရိတ်နှုန်းထားဖြင့် မြန်ဆန်စွာ ပြုလုပ်ပေးနိုင်သော နည်းလမ်းများရှိပါက မည်သည့်အချိန်ကာလမှစ၍ ဆောင်ရွက်ပေးမည်တို့နှင့်စပ်လျဉ်း၍ သိရှိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက မိမိဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားပါက အောက်ပါ အထောက်အထားများ လိုအပ်ပါကြောင်း-



မင်္ဂလာဒုံ မဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

(၁) ကာယကံရှင် ကိုယ်တိုင် လျှောက်ထားရမည်။
(၂) လျှောက်ထားသူ အမည်စာရင်းပါ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့် မိတ္တူ(၁)စောင်။
(၃) နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးရန် လျှောက်လွှာနှင့် ရပ်ကွက်အတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ(ရယက) ထောက်ခံချက်မူရင်း။
(၄) မိဘနှစ်ပါး၏ နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်လက်မှတ်မူရင်းနှင့် မိတ္တူ(၁)စောင်စီ။
(၅) မွေးစာရင်း(သို့မဟုတ်) ကျောင်းထောက်ခံချက်မူရင်းနှင့် မိတ္တူ။
(၆) သွေးစစ်ချက်။
(၇) (၀. ၈)လက်မ × (၀. ၈) လက်မ အရွယ် ဓာတ်ပုံ (၄)ပုံ (မျက်မှန်မပါ)။

အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားပါက အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်ရမည်၊ အိမ်ထောင်ဦးစီး၏ လျှောက်လွှာ၊ နောက်ဆုံးနေထိုင်ခဲ့သည့် မြို့နယ်မှ ပြောင်းရွှေ့လာသည့်ပုံစံ (၁၀) မူရင်း၊ ရပ်ကွက်အတွင်းနေထိုင်ကြောင်း သက်ဆိုင်ရာ(ရယက)နှင့်(မယက)ထောက်ခံချက်၊ ပြောင်းဝင်မည့် အိမ်ခန်း (သို့မဟုတ်) အိမ်အားပိုင်ဆိုင်သည့် အထောက်အထား မူရင်းနှင့်မိတ္တူ၊ တိုက်ခန်းသစ်ဖြစ်လျှင် စည်ပင်သာယာရေးကော်မတီမှ လူနေထိုင်မှုခွင့်ပြုချက်မူရင်းနှင့် မိတ္တူ၊ အိုးအိမ်ပိုင်တိုက်ခန်းဖြစ်လျှင် အိုးအိမ်ဦးစီးဌာန၏ လူနေထိုင်မှုခွင့်ပြုချက်မူရင်းနှင့် မိတ္တူ၊ အိမ်ငှားဖြစ်လျှင် အိမ်ထောင်စုနေထိုင်ခွင့်ကို အိမ်ပိုင်ရှင်၏ သဘောတူ ခွင့်ပြုချက်စသည့် အထောက်အထားများ လိုအပ်ပါကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင်အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်မှုအတွက် ငွေကြေးကောက်ခံမှု လုံးဝမရှိပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် စာရွက်၊ စာတမ်းကြေးအဖြစ် တစ်ဦးလျှင် (၆)ကျပ်နှုန်းဖြင့် ကောက်ယူ၍ နိုင်ငံတော်သို့ တရားဝင်ပေးသွင်းရပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၍ အသစ်ထပ်မံပြုလုပ်ပါက လူတစ်ဦးလျှင် ၁၀ ကျပ်နှုန်းထပ်မံကောက်ယူ၍ နိုင်ငံတော်သို့ တရားဝင်ပေးသွင်းရပါကြောင်း၊ စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်မှုရှိလျှင် လျင်မြန်စွာ ဆောင်ရွက်ရရှိနိုင်ပါကြောင်း၊ သတ်မှတ်ထားသောလိုအပ်သည့် စာရွက်၊ စာတမ်းများမှာလည်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မှားယွင်းမှုမရှိစေရေး၊ နိုင်ငံတော်၏စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လူဦးရေစာရင်း ဇယားတိကျမှန်ကန်မှုရှိစေရေး၊ ကာယကံရှင်၏ ကိုယ်ရေးအချက်အလက်များ တိကျ မှန်ကန်မှုရှိစေရေး၊ လူတစ်ဦးတည်း နိုင်ငံသား စိစစ်ရေးကတ်ပြားတစ်ခုထက်ပိုမိုကိုင်ဆောင်ခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းတစ်ခုထက်ပို၍ အမည်စာရင်းပါဝင်ခြင်းမရှိစေရေးတို့အတွက် လိုအပ်သည့် အဓိကအချက်အလက် အထောက်အထားများကိုသာ တောင်းခံရခြင်းဖြစ်ပါကြောင်း။

**ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားသော ကာလစည်းကမ်းသတ်ဖြင့် ထုတ်ပေးခဲ့သည့် ယာယီမှတ်ပုံတင်ကတ်ပြားနှင့် ယာယီအိမ်ထောင်စု လူဦးရေစာရင်းများကို မိမိဝန်ကြီးဌာန၏ မြို့နယ်ရုံးတိုင်းတွင် စနစ်တကျမှတ်တမ်းများ ထားရှိဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ယာယီမှတ်ပုံတင်ကတ်ပြားနှင့် ယာယီ အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခဲ့ရသည့်သူများ၌ အထောက်အထားပြည့်စုံစွာမရှိဘဲ ရွှေ့ပြောင်းသွားလာနေထိုင်သူများအတွက် ယာယီထုတ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ အချက်အလက် အထောက်အထားများနှင့် ပြည်စုံသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်း ပြန်လည်လဲလှယ်ပေးသည့် လုပ်ငန်းများကိုလည်း မိမိဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာများအရောက် ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။**

မိမိဝန်ကြီးဌာန၏ မြို့နယ်အဆင့်ရုံးများတွင်ဖွဲ့စည်းပုံအရ (က)အဆင့် မြို့နယ်ရုံးတွင် ဦးစီးအရာရှိ (၁)ဦးအပါအဝင် ဝန်ထမ်း (၁၈)ဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပြီး အမြင့်ဆုံး ဦးစီးအရာရှိ၏ လစာစရိတ်မှာ (၁၀၀၀၀၀-၂၀၀၀-၁၁၀၀၀၀)ဖြစ်ပြီး အနိမ့်ဆုံး အမှုတွဲထိန်း၏ လစာစရိတ်မှာ (၄၁၀၀၀-၁၀၀၀-၄၆၀၀၀) ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ဝန်ထမ်းအင်အားမှာ ဖွဲ့စည်းပုံ၏ (၇၅)ရာခိုင်နှုန်းသာ ရှိပါကြောင်း၊ ဝန်ထမ်းအင်အားဖြင့် တာဝန်ယူရသော မြို့နယ်၊ နယ်မြေအကျယ်အဝန်း၊ လူဦးရေနှင့် နှိုင်းစာလျှင် လုပ်ငန်းဆောင်ရွက်ရာ၌ ခက်ခဲကြန့်ကြာစေနိုင်သော အနေအထားတွင်ရှိပါကြောင်း၊ ငွေကြေးကုန်ကျစရိတ်များ ရှိသည်ဆိုသည်မှာလည်း လိုအပ်သောဓာတ်ပုံနှင့် မှတ်တမ်းအထောက်အထားများ၊ ကာယကံရှင် ကိုယ်တိုင် ဆောင်ရွက်ရသည့် ကုန်ကျစရိတ်များသာ ဖြစ်ပါကြောင်း၊ လိုအပ်သည့် အထောက်အထားများကိုမှန်ကန်စွာ ကြိုတင်ပြင်ဆင်စုဆောင်းထားရှိပါက ငွေကြေးကုန်ကျစရိတ်နှင့် အချိန်ကြန့်ကြာမှု မရှိနိုင်ပါကြောင်း။

မိမိဝန်ကြီးဌာန ဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစေရေးအတွက် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၄-၄-၂၀၀၇ ရက်နေ့တွင် သတ်မှတ်စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်လျှင် လျှောက်ထားသည့်ရက်မှ (၂၈)ရက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိပါက ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ နေပြည်တော်သို့ စာဖြင့်ဖြစ်စေ၊ ဖုန်း၊ ဖက်(စ်)ဖြင့်ဖြစ်စေ တိုင်ကြားနိုင်ကြောင်း မြို့နယ်ရုံးများအားလုံးတွင် ကြေညာထားပြီးဖြစ်ပါကြောင်း၊ သတင်းစာ၊ ဂျာနယ်မှ အကြိမ်ကြိမ် ကြေညာပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းများ စည်းကမ်းဖောက်ဖျက်မှုနှင့်ပတ်သက်၍ ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း။

**ထို့အပြင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေဖြင့် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား မှန်မှန်ကန်ကန် မြန်ဆန်စွာ ထုတ်ပေးနိုင်ရေးအတွက် စိစစ်ကြီးကြပ်ရေးအဖွဲ့ကို မြို့နယ်အတွင်းရှိ ဝန်ကြီးဌာန (၅)ခုမှ မြို့နယ်ဦးစီးဌာနမှူးအဆင့်များဖြင့် ဘုတ်ဖွဲ့စည်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၏ ၂၉-၄-၂၀၀၇ ရက်စွဲပါ စာအမှတ်၊ ၄၃၅/၃(၈)၂/နယက ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ၎င်းအပြင် ၁၂-၄-၂၀၀၇ ရက်နေ့မှစတင်၍ အသက်ပြည့်မီသူတိုင်း ရသင့်ရထိုက်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးအတွက် စီမံချက်များချမှတ်၍ ဆောင်ရွက်ပေးခဲ့သည်မှာ ယနေ့အချိန်အထိ စီမံချက်အဆင့် (၄) ကာလအထိ ရောက်ရှိဆောင်ရွက်လျက်ရှိပါကြောင်း၊ အထောက်အထားအချက်အလက်အပြည့်အစုံတင်ပြနိုင်ရန် အခက်အခဲရှိသူများကိုလည်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ မြို့မိ၊ မြို့ဖများ၏ ထောက်ခံမှုများဖြင့် ဖြေလျှော့ပေးသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။**

ကာယကံရှင်၊ ရပ်ကွက်/ကျေးရွာ ပြည်သူလူထုနှင့် မိမိဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်သော အုပ်ချုပ်မှုယန္တရားစနစ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဆိုပါလျှင် ယခုလုပ်ငန်းသည် စနစ်ကျ မှန်ကန်ပြီး လျင်မြန်စွာ ဆောင်ရွက်ပေးသွားနိုင်သည့် လုပ်ငန်းရပ်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

# ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်(ခ)ဦးနိုင်လှမောင်၏ "ဈေးနှုန်းသက်သာစွာဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိရေး" နှင့် စပ်လျဉ်းသည့်မေးခွန်းကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

**နေပြည်တော် မတ် ၂၈**

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် (ခ) ဦးနိုင်လှမောင်က **မွန်ပြည်နယ် ဘီလူးကျွန်း ချောင်းဆုံမြို့နယ်တွင် ယခင် ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်၌ လျှပ်စစ်မီးကောင်းမွန်စွာ သုံးစွဲခွင့်ရရှိခဲ့၍ ဒေသခံကျေးလက်ပြည်သူများသည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အထိုက်အလျောက် တိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြပြီး လူနေမှုအဆင့်အတန်းလည်း အထိုက်အလျောက် မြင့်တက်လာခဲ့ပါကြောင်း၊ ယခုအခါ လျှပ်စစ်မီးမရရှိပါသဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများလည်း အားပျော့သွားပြီး လူနေမှုအဆင့်အတန်းလည်း နိမ့်ကျခဲ့ရပါကြောင်း၊ သို့ဖြစ်ပါ၍ ယခု ပါတီစုံဒီမိုကရေစီအစိုးရသည် ယခင်ပါလီမန် ဒီမိုကရေစီအစိုးရကဲ့သို့ လျှပ်စစ်မီးကို ဈေးနှုန်းသက်သာစွာ သုံးစွဲခွင့်ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် အစီအစဉ်များ ရှိ၊ မရှိ၊ ရှိမည်ဆိုပါက မည်သည့်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း** မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ချောင်းဆုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးအား ယခင် ပါလီမန်ခေတ် (၂၃-၁၂-၁၉၅၅) ရက်မှစ၍ ဖွင့်လှစ်ခဲ့ပြီး (၈၀)ကေဗွီအေ ဒိုက်အမျိုးအစား ဒီဇယ်ဓာတ်အားပေးစက်ဖြင့် မြို့ပေါ်ရပ်ကွက် (၄)ခုဖြစ်သော ချောင်းဆုံ(အရှေ့)၊ ချောင်းဆုံ(အနောက်)၊ တိုးချဲ့ရပ်ကွက်နှင့် ခရိုက်သစ်ရပ်ကွက် အပါအဝင် စုစုပေါင်း အိမ်ခြေ (၂၀၀)ခန့်၊ လူဦးရေ (၈၁၅)ဦးကို (၄၀၀)ဗို့ ဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ဓာတ်အားပေးချိန်အနေဖြင့် နံနက် (၇)နာရီမှ မွန်းလွဲ (၁)နာရီအထိ (၆)နာရီတစ်ကြိမ်၊ ညနေ (၆)နာရီမှ ညပိုင်း (၁၂)နာရီထိ (၆)နာရီတစ်ကြိမ်၊ တစ်ရက်တွင် နံနက်ပိုင်း (၆)နာရီတစ်ကြိမ်၊ ညပိုင်း (၆)နာရီတစ်ကြိမ် (၂)ပိုင်းခွဲ၍ ဓာတ်အားပေးချိန်ပေါင်း (၁၂)နာရီ စတင်ဓာတ်အားပေးခဲ့ပါကြောင်း။

**ထို့နောက် (၈-၉-၁၉၅၇)ရက်တွင် ချောင်းဆုံမြို့ ဓာတ်အားပေးစက်ရုံ၌ ၁၁/၀. ၄ ကေဗွီ၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် (၁၁)ကေဗွီဓာတ်အားလိုင်းစနစ်တည်ဆောက်ပြီး ရွာလွတ်ရွာတွင် ၁၁/၀. ၄ ကေဗွီ၊ ၅၀ ကေဗွီအေ အား ထရန်စဖော်မာတစ်လုံးတပ်ဆင်၍လည်းကောင်း၊ (၁၂-၁-၁၉၅၈)ရက်တွင် ကလော့နှင့် နှီးမှုတ်ကျေးရွာ၌ ၁၁/၀. ၄ ကေဗွီ၊ ၅၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးတပ်ဆင်၍ လည်းကောင်း၊ (၂၅-၁၂-၁၉၅၉)ရက်တွင် ကွမ်သဲနှင့် မရမ်းကျေးရွာ၌ ၁၁/၀. ၄ ကေဗွီ၊ ၅၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တပ်ဆင်၍ လည်းကောင်း ထရန်စဖော်မာလေးလုံး တိုးချဲ့ပြီး ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း။**

**ချောင်းဆုံမြို့နယ်အား ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ဒီဇယ်ဓာတ်အားပေးစက်များ တိုးချဲ့တပ်ဆင်မှုအနေဖြင့် (၃၀-၁၀-၁၉၆၈)ရက်တွင် (၁၅၀) ကေဗွီအေ စကိုဒါအမျိုးအစားစက် တစ်လုံး၊ (၂၃-၉-၁၉၈၀)ရက်တွင် (၁၅၀) ကေဗွီအေ စကိုဒါအမျိုးအစား စက်တစ်လုံး၊ (၂၆-၁၀-၁၉၈၃)ရက်တွင် (၁၅၀) ကေဗွီအေ စကိုဒါအမျိုးအစား စက်တစ်လုံး အသီးသီးတပ်ဆင်ခဲ့ပါကြောင်း၊ စုစုပေါင်း (၁၅၀)ကေဗွီအေ စက်သုံးလုံး တပ်ဆင်ပြီး ယခင်မူလ(၈၀)ကေဗွီအေဒိုက်မီးစက်အပါအဝင် မီးစက်လေးလုံးဖြင့် မီးပေးခဲ့ရာ (၁၅၀)ကေဗွီအေ စက်နှစ်လုံးနှင့် (၈၀)ကေဗွီအေ စက်တစ်လုံးတို့မှ ချောင်းဆုံမြို့တွင်းသို့ (၄၀၀)ဗို့ ဓာတ်အားလိုင်းဖြင့်လည်းကောင်း၊ ကျန်ရှိသော (၁၅၀)ကေဗွီအေ စက်တစ်လုံးမှ ကျေးရွာငါးရွာသို့ (၁၁)ကေဗွီဓာတ်အားလိုင်းဖြင့်လည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ (၄-၈-၁၉၈၇)ရက်တွင် (၁၅၀) ကေဗွီအေ စကိုဒါအမျိုးအစား စက်သုံးလုံးနှင့် (၈၀) ကေဗွီအေဒိုက်အမျိုးအစား စက်တစ်လုံး စုစုပေါင်း စက်လေးလုံးနေရာတွင် ပိုမိုဓာတ်အားပေးနိုင်သော (၆၀၈)ကေဗွီအေ စကိုဒါအမျိုးအစား ဒီဇယ်ဓာတ်အားပေးစက် တစ်လုံးဖြင့် အစားထိုးတပ်ဆင်၍ တစ်နေ့လျှင် သုံးနာရီ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ထို့အပြင် (၂၇-၁၁-၁၉၉၇)ရက်တွင် (၃၅၀)ကေဗွီအေ ကမ်းမင်း အမျိုးအစား ဒီဇယ်ဓာတ်အားပေးစက် တစ်လုံးကိုလည်း အရန်မီးစက်အဖြစ် တပ်ဆင်ပေးခဲ့ပါကြောင်း။**

ယခင် ၁၉၅၅ ခုနှစ်ခန့်က ဒီဇယ် တစ်ဂါလန်၏ဈေးနှုန်းမှာ (၁ကျပ်၅၀ ပြား) ဖြစ်ပါကြောင်း၊ ဒီဇယ်တစ်ဂါလန်လျှင် ထုတ်လုပ်ဓာတ်အား (၁၀)ယူနစ်ဖြစ်၍ တစ်ယူနစ်အတွက် ဒီဇယ်ဆီကုန်ကျစရိတ်မှာ (၁၅)ပြားသာရှိပါကြောင်း၊ ယခုအခါ ထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ဒီဇယ်ဆီတစ်ဂါလန်လျှင် ငွေကျပ်(၃၀၀၀)နှုန်းဖြင့် ပျမ်းမျှထုတ်လုပ်ယူနစ် (၁၀)ယူနစ်ရရှိသဖြင့် ဒီဇယ်ဆီအတွက် တစ်ယူနစ်လျှင် ငွေကျပ်(၃၀၀) ကုန်ကျပါကြောင်း၊ ဝန်ထမ်းစရိတ်နှင့် ဓာတ်အားသယ်ပို့ဖြန့်ဖြူးစရိတ် (၁၉)ကျပ် အပါအဝင် တစ်ယူနစ် စုစုပေါင်း ကုန်ကျစရိတ်မှာ (၃၁၉)ကျပ်ကုန်ကျပါကြောင်း၊ ဒီဇယ်စက်များဖြင့် ဓာတ်အားပေးရာတွင် တစ်ယူနစ်လျှင် (၂၅)ကျပ်သာရရှိသဖြင့် ဓာတ်အားတစ်ယူနစ်အတွက် (၂၉၄)ကျပ် ရှုံးပါကြောင်း၊ ဒီဇယ်ဆီ တစ်ဂါလန်တွင် (၁၀)ယူနစ်ထုတ်လုပ်သည့်အတွက် တစ်ဂါလန်တွင် ငွေကျပ်(၂၉၄၀) အရှုံးပေါ်ပါကြောင်း။



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

လက်ရှိအချိန်တွင် ချောင်းဆုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး ဓာတ်အားပေးစက်ရုံတွင် (၁၉-၉-၁၉၉၃) ရက်၌ ၁၁/၀. ၄ ကေဗွီ၊ ၇၅၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးတပ်ဆင်ပြီး (၆၀၈) ကေဗွီအေ စကိုဒါအမျိုးအစား စက်တစ်လုံးနှင့် (၃၅၀)ကေဗွီအေ ကမ်းမင်းအမျိုးအစား ဒီဇယ်စက် (၁)လုံး စုစုပေါင်းစက်နှစ်လုံးတပ်ဆင်အင်အား(၉၅၈)ကေဗွီအေဖြင့် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်ဖြစ်သော ချောင်းဆုံအရှေ့ရပ်ကွက်၊ တိုးချဲ့ရပ်ကွက်နှင့် ခရိုက်သစ်ရပ်ကွက်များသို့ (၄၀၀)ဗို့ ဓာတ်အားလိုင်းဖြင့်လည်းကောင်း၊ ချောင်းဆုံအနောက်ရပ်ကွက်နှင့် ကုလားတို့ရပ်ကွက်တို့အတွက် ၁၁/၀. ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို (၂၁-၁၂-၂၀၀၀)

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

(29-3)04.pmd 1 3/29/2011, 2:21 AM

# ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်၏ "အောင်ပန်း-လွိုင်ကော်-မယ်စဲ့ ကားလမ်းကို အဆင့်မြှင့်တင်ရေးနှင့် သံလွင်မြစ်ကူးတံတား (ဖာဆောင်း) တည်ဆောက်ပေးရေး" နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၈

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်က **ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးအတွက် အောင်ပန်း-လွိုင်ကော်-မယ်စဲ့ကားလမ်းကို အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်မည်၊ အောင်ပန်း-လွိုင်ကော်-မယ်စဲ့ကားလမ်းပေါ်ရှိ သံလွင်မြစ်ကူးတံတား (ဖာဆောင်း) တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်မည်ကို သိလိုပါကြောင်း** မေးမြန်းသည်။



**ဖာဆောင်း မဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် မေးမြန်းစဉ်။**
(သတင်းစဉ်)

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က နိုင်ငံတော်မှ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ၊ ထောင့်စုံမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ကယားပြည်နယ်ဝင်ပေါက် လမ်းမကြီးများ၊ ပြည်နယ်တွင်းလမ်းကွန်ရက်များ၊ တံတားကြီးများနှင့် တံတားငယ်များကို အသစ်တည်ဆောက်ခြင်း၊ အဆင့် တိုးမြှင့်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို နှစ်စဉ်လမ်းအဆင့်အလိုက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အဓိကဆက်သွယ်မှုလမ်းကြောင်းဖြစ်သည့် အောင်ပန်း- ပင်လောင်း-လွိုင်ကော်-မယ်စဲ့လမ်း အရှည် (၂၁၂)မိုင် (၆)ဖာလုံသည် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် (၈၄)မိုင်(၆)ဖာလုံ ပါဝင်ပြီး ကယားပြည်နယ်တွင် (၁၂၈)မိုင် ပါဝင်ပါကြောင်း၊ နယ်စပ် မိုင်တိုင်မှာ (၈၄/၆) ဖြစ်ပြီး ဝါရီကောခူ ရွာကြီးအနီးတွင် ရှိပါကြောင်း။

အောင်ပန်း-လွိုင်ကော်-မယ်စဲ့လမ်းသည် ကယားပြည်နယ်၏ ပြည်နယ်လမ်းမကြီးဖြစ်ပြီး ဒေသတွင်း အရေးပါသည့် လမ်းတစ်လမ်းလည်း ဖြစ်ပါကြောင်း၊ ကယားပြည်နယ်၏ မြို့နယ်များဖြစ်သည့် ဖယ်ခုံမြို့နယ်၊ လွိုင်ကော်မြို့နယ်၊ ဒီမောဆိုးမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဘော်လခဲမြို့နယ်၊ ဖာဆောင်းမြို့နယ်နှင့် မယ်စဲ့မြို့နယ် စသည့် (၇)မြို့နယ်ကို ဖြတ်သန်းတည်ရှိနေသည့် အတွက်လည်း ဒေသခံပြည်သူများအတွက် အဓိက အားထားရသည့် လမ်းမကြီးဖြစ်ပါကြောင်း၊ ယင်းလမ်းမကြီးတွင် အောက်ဖော်ပြပါလမ်းပိုင်း (၅)ပိုင်း ပါဝင်ပါကြောင်း၊ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း (၉၇) မိုင် (၆)ဖာလုံ၊ လွိုင်ကော်-ဒီမောဆိုး လမ်း (၁၁)မိုင်၊ ဒီမောဆိုး-ဘော်လခဲလမ်း (၃၉)မိုင်၊ ဘော်လခဲ-ဖာဆောင်းလမ်း (၂၅)မိုင်၊ ဖာဆောင်း-မယ်စဲ့-နန်းမန်းလမ်း (၄၀)မိုင်တို့ဖြစ်ပြီး အောင်ပန်း-လွိုင်ကော်-မယ်စဲ့-နန်းမန်းလမ်းမှာ စုစုပေါင်း (၂၁၂) မိုင် (၆)ဖာလုံ ရှည်လျားပါကြောင်း။

**ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း အောင်ပန်း - ပင်လောင်း - ဝါရီကောခူ (ကယားနယ်စပ်)ထိ (၈၄)မိုင် (၆)ဖာလုံ အရှည်ရှိပြီး အဆင့်တိုးတက်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို တောင်ကြီးခရိုင်က တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းအမျိုးအစားမှာ ကတ္တရာလမ်း (၈၄)မိုင် (၆)ဖာလုံဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်မှ လမ်းမျက်နှာပြင် ပျက်စီးလျက်ရှိသည့် လမ်းအပိုင်းများအား စုစုပေါင်း အရှည် (၃)မိုင် ထပ်ပိုးလွှာတင်ခြင်း၊ အရှည်မိုင် (၁၂)မိုင်ကတ္တရာရေပိတ်လွှာ လောင်းခြင်းနှင့် ရေပွွန်များ၊ တံတားငယ်များ ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် အောင်ပန်းမှ ကယားပြည်နယ် နယ်စပ်အထိ ချောမွေ့စွာ သွားလာအသုံးပြုလျက်ရှိပါကြောင်း။**

ကယားပြည်နယ်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း) နယ်စပ် ဝါရီကောခူရွာ မိုင်တိုင်(၈၄/၆)မှ ဝါရီကောခူ-လွိုင်ကော်-ဖာဆောင်း - မယ်စဲ့ - နန်းမန်းထိလမ်း အရှည် (၁၂၈)မိုင် ရှိပါကြောင်း၊ ၎င်းလမ်းသည် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိပါကြောင်း၊ လမ်းအမျိုးအစားမှာ ကတ္တရာလမ်း (၈၉)မိုင်(၄)ဖာလုံ၊ ကျောက်လမ်း (၂)မိုင် (၇)ဖာလုံ၊ အမာခံလမ်း (၃၂)မိုင် (၅)ဖာလုံ၊ မြေလမ်း (၃)မိုင်တို့ဖြစ်ပြီး စုစုပေါင်း (၁၂၈)မိုင်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်စပ်မှ လွိုင်ကော်-ဘော်လခဲ-ဖာဆောင်းမြို့အထိ အရှည် (၈၉)မိုင် (၄)ဖာလုံသည် ချောမွေ့စွာသွားလာနိုင်သည့် ကတ္တရာလမ်းအဆင့်ဖြစ်ပါကြောင်း၊ ဖာဆောင်း-မယ်စဲ့-နန်းမန်းအပိုင်းသည် ကျောက်လမ်းနှင့် အမာခံလမ်း (၃၅)မိုင် (၄)ဖာလုံရှိပြီး မြေလမ်း (၃)မိုင် ကျန်သည့်အတွက် ၎င်းမြေလမ်းအား အမာခံလမ်းအဆင့် ရောက်ရှိအောင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကယားပြည်နယ်အတွင်း ကတ္တရာလမ်း (၈၉)မိုင် (၄)ဖာလုံအား လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် လမ်းမျက်နှာပြင် ပျက်စီးလျက်ရှိသည့် လမ်းပိုင်းတွင် အရှည် စုစုပေါင်း မိုင်(၂၀)အား ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ အရှည် (၄)မိုင်အား အနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာခင်းခြင်း ဆောင်ရွက်ခြင်း ပြီးစီးခဲ့သည့်အတွက် ချောမွေ့စွာသွားနိုင်ပြီဖြစ်ပါကြောင်း၊ ဖာဆောင်း-မယ်စဲ့လမ်းအပိုင်းတွင် အရှည် (၁၅)ပေ သစ်သားတံတား (၃)စင်းဆောင်ရွက်ပြီးစီးခဲ့ပြီး ပျက်စီးခဲ့သည့် အမာခံလမ်းအား (၂)မိုင် (၂)ဖာလုံကို ပြုပြင်နိုင်ခဲ့သည့်အတွက် ချောမွေ့စွာသွားလာနိုင်ပြီ ဖြစ်ပါကြောင်း။

**ကတ္တရာလမ်းများကို နှစ်အလိုက် အဆင့်မြှင့်တင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ဖာဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်း လမ်းအား နှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဤလမ်းမကြီးသည် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိသည့်အတွက် ကတ္တရာလမ်းအဆင့် ကုန်သွယ်ရေးလမ်းမကြီးအဖြစ် ရောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။**

ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် လမ်းများတိုးတက်ပြုပြင်ခြင်းနှင့် တစ်ပြိုင်တည်း ယခင်က ခက်ခဲစွာ ဖြတ်သန်းခဲ့ရသည့် ချောင်းများ၊ မြစ်များကို ဖြတ်သန်း၍ တံတားကြီးများ တည်ဆောက်ခဲ့ရာ ယခင်တည်ဆောက်ခဲ့သည့် လွိုင်ကော်မြို့တွင်းရှိ (၃၀၆)ပေအရှည် ကန္တာရဝတီ နှစ်လမ်းသွား ကွန်ကရစ် တံတားကြီးအပြင် ပေ(၁၈၀)အထက် တံတားကြီး (၆)စင်း တည်ဆောက်ခဲ့ပါကြောင်း၊ ၎င်းအပြင် ပေ(၂၄၀)အရှည် နှစ်လမ်းသွား သံကူကွန်ကရစ် ထီးစဲခါးတံတားကြီးကို ၂၀၀၉ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး (၂၂၈)ပေအရှည် သံကူကွန်ကရစ်နှင့် သံပေါင် ပေါင်းစပ်ထားသည့် ထူးချောင်းတံတားကြီးကို ၂၀၁၁ ခုနှစ် မတ်လ ၉ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအတွင်း သံလွင်မြစ်သည် မြောက်မှတောင်သို့ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိပါကြောင်း၊ နိုင်ငံတော်မှ နယ်မြေဒေသ လိုအပ်ချက်အရ သံလွင်မြစ်ကူးတံတားကြီးများကို တည်ဆောက်ပေးလျက်ရှိရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ တာပါးတံတား ပေ(၆၀၀)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ကွမ်းလုံတံတား (၇၈၉)ပေ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ တာကော်အက်တံတား ပေ(၆၀၀)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ တာကော်တံတား ပေ(၇၈၀)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ တာဆန်းတံတားပေ(၉၀၀)၊ ကရင်ပြည်နယ်၌ ဘားအံတံတား (၂၂၅၂)ပေ၊ မွန်ပြည်နယ်၌ မော်လမြိုင်တံတား (၁၁၅၇၅) ပေတို့ဖြစ်ပါကြောင်း။

**ဖာဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်းလမ်းပေါ်ရှိ ဖာဆောင်း (သံလွင်မြစ်)သည် ပေ(၁၈၀၀)ခန့် အကျယ်အဝန်းရှိ၍ ဇက်ရေယာဉ်(၁)စင်းဖြင့် နေ့စဉ်အသွားအပြန် (၈)ခေါက် သယ်ယူပို့ဆောင်ပေးလျက်ရှိပါကြောင်း၊ နေ့စဉ်ယာဉ်သွားလာမှု နည်းပါးသည့်အတွက် ဇက်ရေယာဉ်ဖြင့် အသုံးပြုရာတွင် ဆက်သွယ် သွားလာမှုချောမွေ့အဆင်ပြေလျက်ရှိပါကြောင်း၊ ထို့ကြောင့် သံလွင်မြစ်ကူးတံတား ဖာဆောင်းကို လတ်တလော အစီအစဉ်အရ ဆောင်ရွက်ရန် မရှိသေးကြောင်းနှင့် ယာဉ်သွားလာမှု များပြား၍ ဒေသလိုအပ်ချက် ရှိလာပါက နိုင်ငံတော်သို့ တင်ပြခွင့်ပြုချက်တောင်းခံ၍အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။**

ကယားပြည်နယ်အတွင်း အင်ဂျင်နီယာမှူးကြီးရုံး (၁)ရုံး၊ ခရိုင်အင်ဂျင်နီယာမှူးရုံး (၁)ရုံး၊ မြို့နယ်အင်ဂျင်နီယာမှူးရုံး (၉)ရုံး၊ ဝန်ထမ်းအင်အား (၆၃)ဦးဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လက်ရှိလမ်းအခြေအနေမှာ ကတ္တရာလမ်း (၂၃၇)မိုင်၊ ကျောက်လမ်း (၄၃)မိုင် (၅)ဖာလုံ၊အမာခံလမ်း(၁၁၅)မိုင်(၅)ဖာလုံ၊ မြေလမ်း (၁၂၄)မိုင် (၃)ဖာလုံတို့ ဖြစ်ပြီး စုစုပေါင်း မိုင် (၅၂၀) (၅)ဖာလုံ အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ချောမွေ့စွာ သွားလာနိုင်ရေးအတွက် လမ်းတစ်လျှောက်တွင် လိုအပ်သောနေရာများ၌ တံတားများအနေဖြင့် ပေ(၅၀) အောက် တံတား (၃၃၉)စင်း၊ ပေ(၅၀)အထက် ပေ(၁၀၀) အောက်တံတား (၂၂)စင်း၊ ပေ(၁၀၀)အထက် ပေ(၁၈၀) အောက်တံတား (၃)စင်း၊ ပေ(၁၈၀)နှင့် အထက် တံတား (၇)စင်း စုစုပေါင်း (၃၇၁) စင်းတို့ကိုလည်း တည်ဆောက်ပြီးစီးခဲ့ပါကြောင်း။

**အောင်ပန်း-ပင်လောင်း-လွိုင်ကော်-ဖာဆောင်း ပြည်နယ်လမ်းမကြီးကို ကတ္တရာလမ်းအဆင့် ကုန်သွယ်လမ်းမကြီးအဖြစ် ရည်မှန်းချက်ထား၍ နှစ်စဉ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် သံလွင်မြစ်ကူးတံတား (ဖာဆောင်း)ကိုဆောင်ရွက်ရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း**ဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

## အောက်ပိုင်းဒေသများ ကွက်ကျားမိုး ဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၂၈

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ကာ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** နေပြည်တော်(ရေဆင်း)၊ နေပြည်တော်(ပျဉ်းမနားမြို့နယ် နှင့် အောင်လံမြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** လွိုင်ကော်မြို့တွင် ၁ ဒသမ ၅၃လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ နမ့်စန်မြို့တွင် သုည ဒသမ ၇၁ လက်မ၊ ကော့သောင်းမြို့တွင် သုည ဒသမ ၅၅ လက်မ၊ လွိုင်လင်မြို့တွင် သုည ဒသမ ၃၉လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင်အများအားဖြင့်သာယာနေသည်။

**မတ် ၂၉ ရက် ညနေထိခန့်မှန်းချက်။** ။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေး တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် ၁နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

❒ စာမျက်နှာ ၄ မှ

ရက်၌ လည်းကောင်း၊ အမှတ်(၃၇) ရေတပ် လေ့ကျင့်ရေးတပ်တွင် ၁၁/၀.၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို (၂၇-၁၁-၁၉၉၇) ရက်၌ လည်းကောင်း၊ ကျေးရွာများအတွက်လည်း နတ်မှော်ကျေးရွာတွင် ၁၁/၀.၄ ကေဗွီ၊ ၅၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို (၄-၁-၁၉၉၃)ရက်၌ လည်းကောင်း၊ မုကွဲကျေးရွာတွင် ၁၁/၀.၄ ကေဗွီ၊ ၅၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို (၁၈-၁၀-၁၉၉၅)ရက်၌ လည်းကောင်း၊ ရွာလွတ်ကျေးရွာတွင် ၁၁/၀.၄ ကေဗွီ၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို (၃၀-၅-၁၉၉၆)ရက်၌လည်းကောင်း၊ ကလော့နှင့် နှီးမှုတ်ကျေးရွာတွင် ၁၁/၀.၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို (၁၁-၈-၁၉၉၇) ရက်၌လည်းကောင်း၊ ကွမ်းသဲနှင့် မရမ်းကျေးရွာတွင် ၁၁/၀.၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို (၁၅-၈-၁၉၉၈) ရက်၌ လည်းကောင်း၊ မူရစ်ကြီးကျေးရွာတွင် ၁၁/၀.၄ ကေဗွီ၊ ၅၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို (၃၀-၁-၁၉၉၉)ရက်၌ လည်းကောင်း၊ မူရစ်ကလေးကျေးရွာတွင် ၁၁/၀.၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို (၂၀-၁၂-၂၀၀၀) ရက်၌လည်းကောင်း အသီးသီးတပ်ဆင်ပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ မြို့ပေါ်ရပ်ကွက် (၅)ရပ်ကွက်ကို နေ့စဉ် တစ်ရက်နှစ်နာရီ ဓာတ်အားပေးပြီး ကျေးရွာများကိုမူ တစ်ရက်ခြား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ မြို့ပေါ်ရပ်ကွက်ငါးရပ်ကွက်နှင့် ကျေးရွာ ကိုးရွာတွင် ဓာတ်အားသုံးစွဲသူ အိမ်ထောင်စု စုစုပေါင်း (၁၉၇၈)၊ လူဦးရေ (၉၈၉၁)ဦးရှိပြီး ယခင် ပါလီမန်ခေတ်ကမူ ဓာတ်အားသုံးစွဲသူ အိမ်ထောင်စုဦးရေ (၂၀၀)နှင့် လူဦးရေ (၈၁၅)ဦးသာ ရှိပါကြောင်း၊ ယခင်ထက် ကိုးဆကျော် တိုးတက်နေသည်ကို တွေ့ရမှာ ဖြစ်ပါကြောင်း။

**ချောင်းဆုံမြို့ ဓာတ်အားရရှိရေးအတွက် နိုင်ငံတော်မှတစ်လ ဒီဇယ်ဂါလန် (၁၉၀၀)၊ တစ်နှစ် ဂါလန် (၂၂၈၀၀) ကျခံသုံးစွဲလျက်ရှိရာ တစ်လလျှင် ငွေကျပ် (၅. ၅၈)သန်း၊ တစ်နှစ်လျှင် ငွေကျပ် (၆၇. ၀၃)သန်း အရှုံးခံကာ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ချောင်းဆုံမြို့နယ် လျှပ်စစ်ရုံးတွင် ဝန်ထမ်းစုစုပေါင်း (၁၀)ဦးရှိပြီး လစာစရိတ်အနေဖြင့် လစဉ်ငွေကျပ် (၆)သိန်းဖြင့် တစ်နှစ်လျှင် ငွေကျပ် (၇၂)သိန်း ကျခံသုံးစွဲလျက်ရှိပါကြောင်း။**

ဓာတ်အားဖြန့်ဖြူးမှုစနစ် ကောင်းမွန်ရေး၊ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးနှင့် လျှပ်စစ် အန္တရာယ်ကင်းရှင်းရေးတို့အတွက် ဒီဇယ်မီးစက်များ၊ ဓာတ်အားလိုင်း၊ဓာတ်အားခွဲရုံများနှင့်အဆောက်အအုံများ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကိုလည်း နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်က ငွေကျပ် (၁၃. ၈၈)သန်း သုံးစွဲခဲ့ပါကြောင်း။

**နိုင်ငံတော်က ချောင်းဆုံမြို့နယ်အတွက် အရှုံးခံ၍ ဓာတ်အားများဖြန့်ဖြူးပေးခြင်းနှင့် စေတနာထားပြီး အသစ်အသစ်သော လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်မှုပြုလုပ်နေခြင်းတို့ကို လက်ရှိတွေ့မြင်ရမည် ဖြစ်ပါကြောင်း၊ လက်ရှိမွန်ပြည်နယ်အတွင်း ဌာနမှပံ့ပိုးပေးသော ဒီဇယ်ဆီနှင့် ဓာတ်အားပေးချိန် နှစ်နာရီထက်ပိုမိုရရှိလိုသော မြို့များတွင်မူ မီးလင်းရေးကော်မတီများ ဖွဲ့စည်း၍ ထိုမီးလင်းရေးကော်မတီများမှ ဒီဇယ်ဆီဖိုး ကျခံလျက် မီးပေးချိန်တိုးကာ ဓာတ်အားပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ချောင်းဆုံမြို့နယ်အတွင်း နိုင်ငံတော်က အနစ်နာခံကာ စေတနာထားပြီး အဆင့်ဆင့်ပြောင်းလဲ၍ ဓာတ်အားပေးခဲ့မှုတို့ကို နားလည် သိရှိစေလိုပါကြောင်း**ဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၉-၃-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၅ ၉။ အတီးပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၁၅ ၃။ "ကြိုတင်ပြင်ဆင် ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်"
- ၄း၂၅ ၄။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- ပထမနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅း၂၅ ၈။ "ကြယ်စင်ဥယျာဉ်"
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၄၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ"(ဒုတိယတွဲ) (အပိုင်း-၂၀)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **ရယ်စရာဟာသများ**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာ အိပ်မက်ကမ္ဘာ"(အပိုင်း-၁၅)**
- ၁၈။ အစီအစဉ်ပြီး၏။

# ယနေ့ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးကြပြီး အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၂၈

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"ပြည်ပပြောင်းရွှေ့လုပ်သားများဆိုင်ရာ ဌာနတစ်ခုကို သင့်လျော်သည့်ဝန်ကြီးဌာန လက်အောက်တွင် ဖွဲ့စည်းဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးကြသည်။

ရှေးဦးစွာ ကံမမဲဆန္ဒနယ်မှ ဦးပိုက်ထွေးက **ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် မြန်မာအလုပ်သမားများကို နိုင်ငံတော်အနေဖြင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ပြည်ပ အလုပ်အကိုင်လိုင်စင်ရ အေဂျင်စီ (Agency) များမှတစ်ဆင့် စေလွှတ်လျက်ရှိသည်ကို သိရှိရပါကြောင်း။**

**စေလွှတ်ရာတွင် လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် ပုံမှန်လမ်းကြောင်းဖြင့် သွားရောက်ကြသည့် အလုပ်သမားများ ပြည်ပနိုင်ငံများ၌ရပိုင်ခွင့်နှင့်အခွင့်အရေးများ ဆုံးရှုံးနစ်နာမှု ဖြစ်ပေါ်လာပါက ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅၊ အပိုဒ်ခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်အရ အဆိုပါ အေဂျင်စီများက သက်ဆိုင်ရာ ပြည်ပလုပ်ငန်းရှင်များနှင့် ဆက်သွယ်ပြီး အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် တာဝန်ယူ ဆောင်ရွက်ပေးနေသည်ကို သိရှိရပါကြောင်း။**

**ပြည်ပပြောင်းရွှေ့ အလုပ်သမားများ၏ အခက်အခဲများကို လေ့လာကြည့်ရာတွင် ပုံမှန်မဟုတ်သည့် လမ်းကြောင်းဖြင့် ကြားပွဲစားမှတစ်ဆင့် သွားရောက်သူများ၊ နယ်စပ်မှ ကုန်းလမ်း၊ ရေလမ်းခရီးဖြင့် သွားရောက်သူများမှာ အများဆုံးကြုံတွေ့နေပါကြောင်း၊ အခက်အခဲပြဿနာများနှင့် ကြုံတွေ့ရသူများကို နိုင်ငံတော်က လျစ်လျူရှုမထားဘဲ ဖြစ်နိုင်သမျှ အကာအကွယ်ပေး စောင့်ရှောက်လျက်ရှိပါကြောင်း၊** ကာကွယ် စောင့်ရှောက်ပေးမှုများကို သာဓကပြလိုပါကြောင်း။

ပထမ သာဓကမှာ ထိုင်းနိုင်ငံ (Khom Kaen) ခုံခရမ်မြို့ရှိ ငါးဖမ်းပိုက်စက်ရုံမှ မြန်မာအလုပ်သမား (၁၀၀၀)ခန့်သည် နယ်စပ်ဖြတ်ကျော်ပြီး သွားရောက်အလုပ်လုပ်ကြပါကြောင်း၊ အဆိုပါ အလုပ်သမားများ စက်ရုံ လုပ်ခလစာများ မရရှိသဖြင့် ၉-၉-၂၀၁၀ ရက်နေ့၌ ဆန္ဒပြတောင်းဆိုခဲ့ကြရာ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများက ကူညီဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဒုတိယ သာဓကအနေဖြင့် ဂျော်ဒန်နိုင်ငံ အာမန်မြို့ရှိ အထည်ချုပ်စက်ရုံသို့ ပုံမှန်မဟုတ်သည့် လမ်းကြောင်းဖြင့် ရောက်ရှိလုပ်ကိုင်နေကြသော မြန်မာအလုပ်သမား (၆၀၀)ခန့်အနက်မှ အလုပ်သမားအချို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အလုပ်သမားအချို့တို့ ၅-၁-၂၀၁၀ ရက်နေ့၌ အချင်းများပြီး ရန်ပွဲဖြစ်ပွားခဲ့ပါကြောင်း၊ အဆိုပါ ဖြစ်ရပ်ကြောင့် ကုမ္ပဏီက မြန်မာအလုပ်သမားများအား မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် စီစဉ်ခဲ့သဖြင့် မြန်မာအလုပ်သမားများက မြန်မာသံရုံးသို့ အကူအညီတောင်းခံခဲ့ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံး တာဝန်ခံအရာရှိများ၊အလုပ်သမားစေလွှတ်သောလိုင်စင်ရ အေဂျင်စီမှ တာဝန်ရှိသူများက ကူညီဖြေရှင်းပေးခဲ့ပါကြောင်း၊ အကျိုးရလဒ်အနေဖြင့် ပါဝင်ပတ်သက်သည့် အလုပ်သမားများ လျော်ကြေးငွေနှင့် ကရုဏာကြေးငွေများရရှိကြသည့်အပြင်ဆက်လက် အလုပ်လုပ်ကိုင်ခွင့်လည်း ရရှိခဲ့ကြပါကြောင်း။

တတိယသာဓကအနေဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ပုံမှန်မဟုတ်သည့် လမ်းကြောင်းများနှင့် ရောက်ရှိခဲ့ကြသော အလုပ်သမားများ အနက် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေး စခန်းများ၌ ထိန်းသိမ်းခြင်းခံရသူ (၂၇၀၀)ကျော်ကို နှစ်နိုင်ငံတာဝန်ရှိသူများ ညှိနှိုင်းပြီး ၄-၉-၂၀၀၉ ရက်နေ့မှ စတင်၍ မလေးရှားနိုင်ငံရှိ မြန်မာသံအမတ်ကြီး နာယကအဖြစ် ဆောင်ရွက်သော မြန်မာ့အလုပ်သမားများ ကူညီစောင့်ရှောက်ရေး အဖွဲ့ အစီအစဉ်ဖြင့် ထိန်းသိမ်းရေးစခန်းများမှ လွှတ်မြောက်စေပြီး မြန်မာနိုင်ငံသို့ ချောချောမောမော ပြန်လာနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**အထက်ပါ ဖြစ်စဉ်အကြောင်းအရာတို့ကို လေ့လာခြင်းအားဖြင့် နိုင်ငံတော်အစိုးရသည် ပြည်ပရောက် အလုပ်သမားများအတွက် အခွင့်အရေးများ မဆုံးရှုံးစေရန် ကာကွယ်စောင့်ရှောက်ပေးနေသည်များကို ထင်ရှားစွာတွေ့မြင်နိုင်မှာ ဖြစ်ပါကြောင်း။**

တည်ဆဲဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လိုင်စင်ရ အေဂျင်စီအချို့နှင့် ပုဂ္ဂလိက ကြားပွဲစားများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာအလုပ်သမားများ ပြည်ပနိုင်ငံများ၌ မူလသဘောတူထားသည့် အလုပ်အကိုင် လုပ်ခလစာ၊ အချိန်ပိုလုပ်အားခ မရရှိခြင်းကြောင့် တိုင်ကြားမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာက စိစစ်ရာတွင် ပြည်ပနိုင်ငံများသို့ ပုံမှန်မဟုတ်သော လမ်းကြောင်းဖြင့် ကြားပွဲစားများက စေလွှတ်ခဲ့ကြောင်း တွေ့ရှိရသည့်အတွက် ဥပဒေဖြင့်အညီ တရားစွဲအရေးယူခဲ့သော အမှုပေါင်း (၁၇)မှု ရှိသည်ဟု သိရှိရပါကြောင်း။



ကံမမဲဆန္ဒနယ်မှ ဦးပိုက်ထွေး ဆွေးနွေးစဉ်။ (သတင်းစဉ်)



ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ဆွေးနွေးစဉ်။ (သတင်းစဉ်)

အကျိုးဆောင်လိုင်စင် စည်းကမ်းဖောက်ဖျက်ခြင်းကြောင့် လိုင်စင်ရ ပြည်ပအလုပ်အကိုင် အေဂျင်စီ (၁၄)ခုကိုလည်း လိုင်စင်ရုပ်သိမ်းခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါကြောင်း။

ပြည်ပနိုင်ငံများသို့ ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများက အဆင်မပြေမှုများအတွက် တိုင်ကြားမှုများအား စိစစ်ရာတွင် ပြည်ပအကျိုးဆောင်လိုင်စင်မရှိဘဲ အလုပ်သမားစေလွှတ်ခဲ့သည့်အမှု (၇)မှုကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

**မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံတို့သည် ကီလိုမီတာ (၁၈၀၀)ခန့် နယ်မြေချင်း ဆက်စပ်နေသည့်အတွက် ပုံမှန်မဟုတ်သောလမ်းကြောင်း နယ်စပ်ထွက်ပေါက်မှတစ်ဆင့်ထိုင်းနိုင်ငံကို သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာအလုပ်သမားများလည်းရှိနေပါကြောင်း၊ အဆိုပါ အလုပ်သမားများအတွက် နှစ်နိုင်ငံ အစိုးရများ ညှိနှိုင်းသဘောတူညီချက်ဖြင့် နယ်စပ်စခန်း (၃)ခုဖြင့် ထိုင်းနိုင်ငံ ရနောင်းမြို့၌ ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် မြန်မာအလုပ်သမားအသစ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး စနစ်တကျစေလွှတ်လျက်ရှိသည့်အပြင် အခက်အခဲများကိုလည်း ကူညီဖြေရှင်းပေးလျက်ရှိပါကြောင်း။**

အဆိုရှင် တင်ပြသွားသည့် ကိစ္စရပ်များတွင် နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပပြောင်းရွှေ့လုပ်သားများနှင့် ပတ်သက်ပြီး စနစ်တကျကာကွယ်ပေးခြင်း၊ ကူညီစောင့်ရှောက်ပေးခြင်း၊ တာဝန်ရှိသော ပုဂ္ဂိုလ်အဖွဲ့အစည်းများကို စိစစ်၍ ဥပဒေအရ အပြစ်ပေးအရေးယူခြင်း၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဌာနတစ်ခုကို အလုပ်သမားဝန်ကြီးဌာန လက်အောက်၌ ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်နေခြင်း၊ပြည်တွင်းပြည်ပ ဆက်သွယ်ညှိနှိုင်းရသောလုပ်ငန်းများတွင် အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိနေခြင်းနှင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိပြီး စသည့်ကိစ္စရပ်များကို ဖြစ်သင့်ဖြစ်ထိုက်သော အတိုင်းအတာအတွင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်ကို အထင်အရှား တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ဒေါက်တာမြတ်ဉာဏစိုး၏ အဆိုနှင့် ပတ်သက်၍ဆက်လက်ဆွေးနွေးရန်လိုအပ်မည်မဟုတ်ပါကြောင်းဖြင့်ဆွေးနွေးသည်။

ထို့နောက် ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက မြန်မာလူမျိုး အများအပြားသည် အခြားနိုင်ငံများတွင် သွားရောက်၍ မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိခင်ဌာနများမှ စေလွှတ်၍သော်လည်းကောင်း အလုပ်သွားရောက် လုပ်ကိုင်နေကြသူများ၊ ပညာတော်သင်များရှိကြပါကြောင်း၊ ၎င်းတို့အားလုံးကို သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများက လိုအပ်သော အကူအညီများပေးလျက်ရှိပြီး ၎င်းတို့ကလည်း နိုင်ငံတော်သို့ ဝင်ငွေခွန်ပေးသွင်းရန်တာဝန်ရှိသည့်အတွက် ၎င်းတို့ ရရှိသော လုပ်ခလစာအလျောက် မြန်မာသံရုံးများသို့ ဝင်ငွေခွန်များပေးသွင်းလျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံမှ အထွေထွေ အလုပ်သမားများအဖြစ် မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ ဌာနဆိုင်ရာမှ အစီအစဉ်ဖြင့်သော်လည်းကောင်း၊ တရားဝင် အေဂျင်စီများ၏ အစီအစဉ်ဖြင့်သော်လည်းကောင်း ထိုင်း၊မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ UAE တို့တွင် သွားရောက် လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ အခက်အခဲကြုံတွေ့ရပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများက ဦးဆောင်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သက်ဆိုင်ရာ နိုင်ငံရောက် မြန်မာအလုပ်သမားများအားကူညီစောင့်ရှောက်



အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် ပြန်လည်ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရေးအသင်းဖွဲ့စည်းပြီး မြန်မာသံအမတ်ကြီးက နာယကအဖြစ်တာဝန်ယူ၍ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်း၍ ကူညီပံ့ပိုးနေပါကြောင်း။

**မိမိတို့ မြန်မာနိုင်ငံ၏ ပထဝီ အနေအထားအရ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသော နယ်စပ်များ ရှည်လျားစွာတည်ရှိသည့်အတွက် ၎င်းနယ်စပ်များမှတစ်ဆင့် ပုံမှန်လမ်းကြောင်း မဟုတ်ဘဲ မိမိတို့၏ သဘောဆန္ဒအတိုင်း တစ်ဖက်နိုင်ငံများသို့ အထွေထွေအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်နေကြသူ အများအပြားရှိပါကြောင်း၊ ၎င်းတို့မှာ ပြောင်းရွှေ့အလုပ်သမားများ ဖြစ်နေသည့်အတွက် အခက်အခဲများ ကြုံရပါကြောင်း၊ ယင်းကိစ္စကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် အမျိုးသားစီမံကိန်းတစ်ရပ်အနေဖြင့် ချမှတ်၍ ၂၀၀၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံမှ တာဝန်ရှိ ဌာနဆိုင်ရာအကြီးအကဲများဦးဆောင်၍ တစ်ဖက်နိုင်ငံမှ တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးပြီး ထိုင်းနိုင်ငံ၌ တရားဝင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်၊ နိုင်ငံကူး လက်မှတ်များ ထုတ်ပေးခဲ့သည်မှာ ယခုဆိုလျှင် အလုပ်သမား (၄)သိန်းကျော်ခန့်ရှိနေပြီဖြစ်ပါကြောင်း၊ ထူးခြားချက်မှာ နိုင်ငံတော်အစိုးရက စေတနာဖြင့် ၎င်းအလုပ်သမားများအပေါ်မှ ဝင်ငွေခွန်ကောက်ခံမှု မရှိခြင်းပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အခြေခံလူတန်းစား အလုပ်သမားများအပေါ် သက်ညှာစွာ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးထားခြင်းသည် မိမိတို့နိုင်ငံအနေဖြင့် မချမ်းသာသေးသော်လည်း မိမိလူမျိုးများ အခွန်ကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် ကောင်းစွာလုပ်ကိုင် နေထိုင်စားသောက်နိုင်စေရန် နိုင်ငံတော်အစိုးရက ထားရှိသည့် မေတ္တာစေတနာပင်ဖြစ်ပါကြောင်း။**

ပြည်ပသို့ လမ်းကြောင်းမှန်ဖြင့် သွားရောက် အလုပ်လုပ်ကိုင်သူအများစုမှာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကတို့မှ ဖွင့်လှစ်ထားသော ကျွမ်းကျင်မှုသင်တန်းကျောင်းများစွာတို့မှ အောင်မြင်တတ်ကျွမ်းပြီးမှ ကျွမ်းကျင်လုပ်သားများအနေဖြင့် နိုင်ငံအများအပြားတွင် သွားရောက်လုပ်ကိုင်လျက်ရှိရာနာမည်ကောင်းများ ရရှိပြီး အခြေခံလစာကောင်းများ ရရှိနေကြပါကြောင်း။

**နိုင်ငံတကာ သင်္ဘောသားလောကတွင်လည်း မြန်မာသင်္ဘောသားများ အနေဖြင့် နာမည်ကောင်း၊ လစာကောင်း ရရှိနေခြင်းမှာ ရေကြောင်းသိပ္ပံတက္ကသိုလ်၊ ရေကြောင်းပညာအတတ်သင်ကျောင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကတို့မှ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းကြောင့်ဖြစ်ပြီး ၎င်းတို့ရသင့်၊ ခံစားသင့်သည့် အခွင့်အရေးများ အပြည့်အဝ ရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် MOSA အဖွဲ့တို့မှ ဝိုင်းဝန်းကြီးကြပ် လုပ်ကိုင်ပေးနေကြပါကြောင်း။**

နောင်ဆိုလျှင် ရေကြောင်းသာမက လေကြောင်းအတတ်ပညာများဖြစ်သော Cockpit Crew, Cabin Crew တို့ကို လေ့ကျင့်သင်ကြားပေးပြီး နိုင်ငံတကာ လေကြောင်းလိုင်းများတွင်ပါ သွားရောက်လုပ်ကိုင်ရန် အခွင့်အလမ်းရရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပုဂ္ဂလိကတို့ ပူးပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်ကြပြီဖြစ်ပါကြောင်း။

ပြည်တွင်းမှ ပညာရှင်များ၊ ကျွမ်းကျင်အလုပ်သမားများသည် ယခုအချိန်တွင် ပြည်ပ၌ ဝင်ငွေလစာ ကောင်းမွန်စွာရရှိနေခြင်းကြောင့် သွားရောက်လုပ်ကိုင်နေကြသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့်လည်း တစ်ဖက်တွင် ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ၊ ထိုက်တန်သောဝင်ငွေရရှိရေးနှင့် လူမှုဘဝများ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ရေနက်ဆိပ်ကမ်းများ၊ စက်မှုဇုန်ကြီးများ၊ စက်ရုံ အလုပ်ရုံပေါင်းများစွာတို့ကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်သည် မြန်မာပြည်တွင်အကြီးဆုံးဖြစ်ပြီး (၁၀)နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်၍ အလုပ်အကိုင် နေရာပေါင်း (၂)သိန်းကျော်ခန့် အခွင့်အလမ်းရရှိလာမည် ဖြစ်ပါကြောင်း။

**နိုင်ငံတော်အစိုးရက စေတနာအပြည့်ဖြင့် မြန်မာပြည်သူပြည်သားအားလုံး၏ အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်လျက်ရှိခြင်း၊ ပြည်တွင်းမှအလုပ်သမားများကို စနစ်တကျ လေ့ကျင့်သင်ကြားပေး၍ ပြည်ပသို့သွားရောက်လုပ်ကိုင်စေခြင်း၊ ထိုက်သင့်သောဝင်ငွေခွန်များသာ နိုင်ငံတော်အား ပေးဆောင်စေခြင်းတို့ကို ဆောင်ရွက်နေပြီး ဆောင်ရွက်နေဆဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ၍ယင်းအဆိုကိုဆက်လက်ဆွေးနွေးရန် မလိုအပ်တော့ဟု ယူဆပါကြောင်းဖြင့်** ဆွေးနွေးသည်။

ယင်းနောက် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က ယခုအဆို၌ **"ပြည်ပပြောင်းရွှေ့လုပ်သားဆိုသည်ကို ဝမ်းစာချမ်းသာရေးအတွက် ပြည်ပသို့ ယာယီသွားရောက်ရှာဖွေလုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများ"** ဟု ပြောင်းလဲဆွေးနွေးလိုပါကြောင်း၊ အဓိပ္ပာယ်အကျိုးသက်ရောက်မှုချင်း ကွာခြား၍ဖြစ်ပါကြောင်း။

ပြည်ပပြောင်းရွှေ့လုပ်သားဆိုသည်မှာ ပြည်ပ၌ အပြီးနေထိုင်တော့မည်၊ အပြီးနေထိုင်ပြီဆိုသော သဘောသက်ရောက်ပါကြောင်း၊ ၎င်းတို့၏ လုပ်အားသည် ယင်းနိုင်ငံ၏ ဂျီဒီပီ၌ ပါဝင်သွားပြီး အခွန်ကိုလည်း ယင်းနိုင်ငံ၌ပင် ဆောင်သွားကြမည်ဖြစ်ပါကြောင်း၊ အမိနိုင်ငံမှ မိသားစု၊ ဆွေမျိုးများဆီသို့ တရားဝင်အဖြစ် လက်ဆောင်ငွေနှင့် ပစ္စည်းသာ ပို့ကြပါကြောင်း၊ ဝင်ငွေပို့ငွေ Remittance အနေဖြင့် တရားမဝင်ဟွန်ဒီဖြင့် လွှဲမည်ဖြစ်၍ အမိနိုင်ငံလူ့အဖွဲ့အစည်းအတွက် အကျိုးကျေးဇူးခံစားရရန် မရှိပါကြောင်း။

ယာယီသွားရောက်ရှာဖွေလုပ်ကိုင်နေသူ မြန်မာနိုင်ငံသားများ၏ "ဝင်ငွေပို့ငွေ" သည် အမိနိုင်ငံ၏ ဂျီဒီပီနှင့် အခွန်ဝင်ငွေ ဖြစ်စေပါကြောင်း။

မည်သို့ပင်ဖြစ်စေ ပြည်ပ၌ ရောက်ရှိနေသူများမှာ အခက်အခဲ၊ အမှုအခင်း၊ ကျန်ရစ်သည့် မိသားစု၊ မိတ်ဆွေများနှင့် သတင်းအဆက်အသွယ် စသည်များအတွက် နိုင်ငံလူ့အဖွဲ့အစည်း၏ အကူအညီကို မျှော်လင့်တောင့်တ လိုအပ်နေကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံလူ့အဖွဲ့အစည်းကလည်း စာနာနားလည်ပြီး ကူညီလိုသည်မှာအသေအချာပင်ဖြစ်ပါကြောင်း။

**ဤအဆို၌ "ဆိုင်ရာဌာနတစ်ခု" ထူထောင်ရန်ဆိုသည်မှာ မခက်ခဲပါကြောင်း၊ သို့သော် ကာယကံရှင်များဘက်က ထင်သာမြင်သာရှိမှုနှင့် ရိုးသားပွင့်လင်းမှုရှိပြီး မည်သည့်အရာကိုမျှ မဖုံးကွယ်ဘဲ စာရင်းမှတ်တမ်းပေးပို့ထားရန် လိုပါကြောင်း၊ လက်တွေ့၌ ဤသို့မရှိကြ၍ မည်သည့်နေရာမျှ စာရင်းမဝင်၊ မည်သို့မည်ပုံ ရပ်တည်ကူညီပေးရမည်ဆိုသည်ကို ဘောင်မဝင်သောပြဿနာရှိနေခြင်းကို သိရှိရပါကြောင်း။**

သို့ပါ၍ ဒေါက်တာမြတ်ဉာဏစိုး၏ အဆိုကို မူအားဖြင့် ထောက်ခံပါကြောင်း၊ ခြွင်းချက်အားဖြင့် ကာယကံရှင်များဘက်က တရားဝင်ထွက်ခွာမည်ဖြစ်စေ၊ တရားမဝင် ထွက်ခွာသည်ဖြစ်စေ ဌာနနှင့် ဆက်သွယ်သည့်အခါ အလုပ်ခေါ်စာ၌ ဖော်ပြသည့် အလုပ်မဟုတ်လျှင် မဟုတ်ကြောင်း၊ အမှန်လစာလုပ်ခ မည်မျှရကြောင်း၊ ရရှိခဲ့သည့် ဘွဲ့နှင့် ပညာအရည်အချင်းအမှန်မှာ မည်သို့ဖြစ်ကြောင်း၊ ဆက်သွယ်ရန် လိပ်စာမှန်နှင့် ပြောင်းရွှေ့တိုင်း အသိပေးရန် စသည်များ ရှိပါမှ အဆို၌ပါဝင်သော "ဆိုင်ရာဌာန"ကို ထူထောင်နိုင်မည် ဖြစ်ပါကြောင်းဖြင့် အကြံပြုဖြည့်စွက် ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ဒေါက်တာမြတ်ဉာဏစိုး တင်ပြသွားသည့်အဆိုတွင် အချက်(၄)ချက်ပါရှိသည်ကို တွေ့ရပါကြောင်း၊ အချက်(၁)နှင့်ပတ်သက်၍ ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာအလုပ်သမားများသည် ဝင်ငွေခွန်များကို နိုင်ငံသားတစ်ဦး၏ တာဝန်နှင့် ကတိကဝတ်များအရ ပေးဆောင်လျက်ရှိရာ နိုင်ငံတော်၏ ဘဏ္ဍာငွေကို အထိုက်အလျောက် အထောက်အကူပြုသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၀ ခုနှစ် စာရင်းများအရ ရွှေ့ပြောင်းအလုပ်သမားများထံမှ ဝင်ငွေခွန်သီးသန့် အမေရိကန်ဒေါ်လာ(၂၆. ၉၂)သန်းနှင့် ညီမျှသော နိုင်ငံခြားငွေများကို နိုင်ငံတော် အနေဖြင့် ရရှိခဲ့ပါကြောင်း၊ ရသင့်ရထိုက်သည့် ဝင်ငွေခွန်များကို စနစ်တကျ ကောက်ခံရရှိရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် (၁၅)ရက်မြောက်နေ့တွင် အဆိုရှင်က နိုင်ငံအချို့၏ ဝင်ငွေခွန်များဟု ရည်ညွှန်းတင်ပြရာတွင် ၎င်းစာရင်းမှာ ဝင်ငွေခွန်များမဟုတ်ကြဘဲ ရွှေ့ပြောင်းလုပ်သားများ၏ မိသားစုလွှဲပို့ငွေ (Remittance) များသာဖြစ်ပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

❐ စာမျက်နှာ ၆ မှ

အချက်(၂) နှင့်ပတ်သက်၍ ရွှေ့ပြောင်းအလုပ်သမားများကို အဆိုရှင်တင်ပြသွားသကဲ့သို့ တရားဝင် ရွှေ့ပြောင်းအလုပ်သမား/ တရားမဝင်ရွှေ့ပြောင်း အလုပ်သမားဟူ၍ မသုံးနှုန်းသင့်ပါကြောင်း၊ အလုပ်သမား ဆိုသည်မှာ မိမိနိုင်ငံအတွင်း၌ဖြစ်စေ၊ အခြားနိုင်ငံတစ်ခုခု၌ဖြစ်စေ မိမိ၏ ကာယအား၊ ဉာဏအားကို အသုံးပြုလုပ်ကိုင်၍ ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေသူကို ဆိုခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လူသားချင်း စာနာထောက်ထားသည့်အနေဖြင့် ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးများ မဆုံးရှုံးစေရခြင်း အကျိုးငှာ အထောက်အထားရှိသော ရွှေ့ပြောင်းအလုပ်သမား (Documented Migrant Worker) နှင့် အထောက်အထားမဲ့ ရွှေ့ပြောင်း အလုပ်သမား (Undocumented Migrant Worker) ဟူ၍သာ ခေါ်ဝေါ်သုံးစွဲသင့်ပါကြောင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီလက ဖိလစ်ပိုင်နိုင်ငံ စီးဘူးမြို့တွင် ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ ထုတ်ပြန်ကြေညာခဲ့သော ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံကြေညာစာတမ်းတွင် ရွှေ့ပြောင်းအလုပ်သမားများ လက်ခံသောနိုင်ငံနှင့် စေလွှတ်သော နိုင်ငံတို့၏ တာဝန်ဝတ္တရားများကို ဖော်ပြထားရှိပါကြောင်း၊ ရွှေ့ပြောင်း အလုပ်သမားများအတွက် သင့်လျော်မျှတသော အလုပ်အကိုင်ဆောင်ရွက်ပေးခြင်း၊အကာအကွယ်ပေးခြင်း၊ လုပ်ခလစာနှင့် နေထိုင်မှုတို့ကို သင့်လျော်မှုရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများကို ခွဲခြားဆက်ဆံခြင်း၊ အလွဲအသုံးပြုခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အကြမ်းဖက်ခြင်းတို့ကို မဖြစ်ပေါ်စေရန်တို့အတွက် လက်ခံသော နိုင်ငံများ (receiving states)က ဥပဒေကြောင်းအရ အကာအကွယ်ပေးရမည်ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ကျင့်စဉ်များအရ ရွှေ့ပြောင်း အလုပ်သမားများအတွက် အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန် လက်ခံသောနိုင်ငံများတွင် အများဆုံး တာဝန်ရှိပါကြောင်း။

ထို့ပြင် မိခင်နိုင်ငံသည် အလုပ်သမား စေလွှတ်သော (sending state) တစ်ခုအနေဖြင့်ရွှေ့ပြောင်းအလုပ်သမားများစွာ ရှိနေသည့် နိုင်ငံများနှင့် သက်ဆိုင်ရာ နိုင်ငံတစ်နိုင်ငံချင်းအလိုက် MoU ချုပ်ဆို၍အလုပ်သမားများကို ကာကွယ်စောင့်ရှောက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ထိုင်းနိုင်ငံ အစိုးရတို့အကြား အလုပ်သမားများ ခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ MoU ကို (၂၁. ၆. ၂၀၀၃) ရက်တွင် ချုပ်ဆိုခဲ့ပါကြောင်း၊ အဆိုပါ MoU အရ ပြုလုပ်ခဲ့သော နှစ်ဖက်ညှိနှိုင်း အစည်းအဝေးများတွင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကို အထောက်အထားမဲ့ မဖြစ်စေရန်နှင့် အလုပ်သမားအသစ်များကိုလည်း တရားဝင်စေလွှတ်နိုင်ရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်များအရ မြန်မာနိုင်ငံဘက်၌ မြဝတီ၊ ကော့သောင်း၊ တာချီလိတ်နယ်စပ်စခန်းများနှင့် ထိုင်းနိုင်ငံ ရနောင်း၌ ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး အလုပ်သမားဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး စခန်းများကို ဖွင့်လှစ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ (၁၀. ၇. ၂၀၀၉)ရက်မှ (၂၈. ၂. ၂၀၁၁) ရက်အထိ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမား စုစုပေါင်း (၄၀၈၁၆၀) ဦးအား ယာယီမြန်မာနိုင်ငံကူးလက်မှတ်နှင့် အလုပ်သမားသက်သေခံကတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ် လုပ်ကိုင်လိုသော မြန်မာအလုပ်သမားအသစ်များကိုလည်း ထိုင်းနိုင်ငံ အလုပ်ရှင်များထံမှ အလုပ်ကမ်းလှမ်းလွှာများအရ ဖော်ပြပါ နယ်စပ်စခန်းများမှတစ်ဆင့် စေလွှတ်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရွှေအင်းဝဝန်ဆောင်မှု အေဂျင်စီကုမ္ပဏီ လီမိတက်နှင့် မလေးရှားနိုင်ငံ ပုဂ္ဂလိက အေဂျင်စီများအကြား ၂၀၀၁ခုနှစ်၌ သဘောတူညီမှုစာချုပ်များ ချုပ်ဆိုခဲ့ပြီး မလေးရှားနိုင်ငံသို့ မြန်မာအလုပ်သမားများ စေလွှတ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါ စာချုပ်များတွင်လည်း အလုပ်သမားများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်ရန် အချက်များပါဝင်ခဲ့ပါကြောင်း၊ ထို့ပြင် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုကိစ္စများကို အချိန်ယူညှိနှိုင်းဆွေးနွေးခဲ့ကြပြီး သဘောတူညီချက်များ ရရှိခဲ့သောကြောင့် ကိုရီးယားသမ္မတနိုင်ငံသို့ အလုပ်လုပ်ကိုင်ခွင့်စနစ် (Employment Permit System- EPS) အရ မြန်မာ အလုပ်သမားများ စေလွှတ်နိုင်ရေး နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးများက MoU လက်မှတ်ရေးထိုး၍ ၂၀၀၉ ခုနှစ်မှ စတင်စေလွှတ်လျက်ရှိပါကြောင်း၊ ပြည်ပရောက် မြန်မာအလုပ်သမားများ၏ အခွင့်အရေးများကို လက်တွေ့ထိရောက်စွာကာကွယ်စောင့်ရှောက်ပေးရန်ရွှေ့ပြောင်းအလုပ်သမားအများစု ရောက်ရှိနေသည့် မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် မြန်မာသံအမတ်ကြီးများက နာယက၊ သံမှူး/သံမှူးကြီးတို့က ဥက္ကဋ္ဌနှင့် အဆိုပါ နိုင်ငံများရှိ မြန်မာစီးပွားရေး လုပ်ငန်းရှင်များ/မြန်မာဂုဏ်သရေရှိ လူကြီးများက အဖွဲ့ဝင်များအဖြစ်ပါဝင်သော "မြန်မာအလုပ်သမားများ ကူညီစောင့်ရှောက်ရေးအဖွဲ့" များကိုလည်း ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ဖွဲ့စည်းထားရှိ ပါကြောင်း၊ ယင်းအဖွဲ့များသည် **မြန်မာအလုပ်သမားများ ကြုံတွေ့နေရသော အခက်အခဲများနှင့် ရသင့်ရထိုက်သောအခွင့်အရေးများ ကို ကူညီဆောင်ရွက်ပေးလျက် ရှိကြပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံသို့လည်း မြန်မာနိုင်ငံမှ အလုပ်သမားအရာရှိတစ်ဦးကို ၂၀၁၁ခုနှစ် ဇန်နဝါရီလမှစ၍ စေလွှတ်ထားရှိပြီး မြန်မာအလုပ်သမားများအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ပသို့ ထွက်ခွာမည့် မြန်မာအလုပ်သမားများအား သက်ဆိုင်ရာနိုင်ငံများ၌ အလုပ်သမားအခွင့်အရေးများအပြည့်အဝရရှိစေရန်နှင့် အခက်အခဲများကြုံတွေ့လာရပါက ဖြေရှင်းနိုင်ရန်အတွက် ပြည်ပသို့မထွက်ခွာမီ လုပ်ငန်းခွင် အကြိုသင်တန်းများ ပို့ချ၍ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ ဤသို့ဖြင့် မြန်မာအလုပ်သမားများ၏ ခံစားခွင့်များကို ဥပဒေနှင့်အညီ ရရှိစေရန် နိုင်ငံတော်က အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။**

အချက်(၃) နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ အလုပ်သမားများအား ပြည်ပနိုင်ငံများသို့စေလွှတ် လုပ်ကိုင်နိုင်ရန် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ၁၉၉၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီများကို ခွင့်ပြုခဲ့ပါကြောင်း၊ ထိုဥပဒေအရ အကျိုးဆောင်လိုင်စင်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများအပိုင်း၌ အလုပ်သမား၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်လာပါက သက်ဆိုင်ရာပြည်ပ လုပ်ငန်းရှင်နှင့်ဆက်သွယ်၍ ယင်းရပိုင်ခွင့်နှင့်အခွင့်အရေးများ အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အထွေထွေလုပ်သားအဖြစ် စေလွှတ်ခြင်းသာမက ကျွမ်းကျင်လုပ်သားများအဖြစ် စေလွှတ်ပေးနိုင်ရန် ရည်မှန်းချက် သတ်မှတ်ပေးထားပါကြောင်း၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ အကျိုးဆောင်အေဂျင်စီများအနေဖြင့် အလုပ်သမားများအား လုပ်ငန်းအတွေ့အကြုံနှင့်ကျွမ်းကျင်မှုရှိစေရန် ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ကိုယ်ပိုင်သင်တန်းများပေး၍ လေ့ကျင့်ဆောင်ရွက်ပေးနိုင်ကြောင်းကိုလည်း ပြဋ္ဌာန်းထားရှိပါကြောင်း၊ ပြည်ပသို့သွားရောက်လုပ်ကိုင်မည့်သူများအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(၂)ကျောင်းနှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ (၄)ခုမှ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (၄) ကျောင်းဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ၂၀၁၀ခုနှစ်အတွင်း ကျွမ်းကျင်အလုပ်သမား စုစုပေါင်း(၅၂၁၀)ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ စာရင်းဇယားများအရ ၂၀၀၁ ခုနှစ်အတွင်းက ပြည်ပသို့ စေလွှတ်ခဲ့သည့် အလုပ်သမား စုစုပေါင်း၏ (၁. ၁၈) ရာခိုင်နှုန်းကိုသာ ကျွမ်းကျင်အလုပ်သမားအဖြစ်စေလွှတ်နိုင်ခဲ့ရာမှ နှစ်စဉ်ကျွမ်းကျင်အလုပ်သမားစေလွှတ်သည့်အရေအတွက် တိုးတက်လာခဲ့ရာ ၂၀၁၀ခုနှစ်တွင် အလုပ်သမားစုစုပေါင်း၏ (၁၉. ၄၆)ရာခိုင်နှုန်းအထိ ကျွမ်းကျင်လုပ်သားအဖြစ် တိုးတက်စေလွှတ်နိုင်ခဲ့ပါကြောင်း။

**နိုင်ငံအတွင်းရှိ ကျွမ်းကျင်လုပ်သားများအား နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်လုပ်သားများဖြစ်လာ နိုင်ရေးနှင့် အလုပ်အကိုင်ကျွမ်းကျင်မှု"စံ"များကို တစ်ပြေးညီ သတ်မှတ်ပေးနိုင်ခြင်းဖြင့် အာဆီယံနိုင်ငံများအတွင်း ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ စီးဆင်းနိုင်ရေးဟူသည့် ရည်ရွယ်ချက်များဖြင့်မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(National Skill Standard Authority -NSSA)ကို ၂၀၀၇ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့အနေ ဖြင့် အနာဂတ်အတွက် ကျွမ်းကျင်လုပ်သားများစွာပေါ်ထွက်လာရေးမျှော်မှန်းလျက် အာဆီယံနိုင်ငံများက အသိအမှတ်ပြုသော ကျွမ်းကျင်မှုလက်မှတ်များ ထုတ်ပေးနိုင်သည့် အခြေအနေထိ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် အလုပ်သမားဝန်ကြီးဌာနအနေနှင့် ကျွမ်းကျင်လုပ်သားများပေါ်ထွက်ရေး ရေတိုရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။**

အချက်(၄)နှင့် ပတ်သက်၍ အလုပ်သမားဝန်ကြီးဌာန လက်အောက်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဌာနခွဲတစ်ခုရှိပြီးဖြစ်၍ ပြည်ပရွှေ့ပြောင်း အလုပ်သမားများဆိုင်ရာဌာနအသစ်တစ်ခုကို ဝန်ကြီးဌာနတစ်ခုခု၏ လက်အောက်တွင် ထပ်မံထားရှိဆောင်ရွက်ရန် လိုအပ်မည်မဟုတ်ပါကြောင်း၊ ယခုအခါ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့၏ လက်ရှိပူးပေါင်းဆောင်ရွက်နေမှုသည် အကျိုးရှိပြီး လုပ်ငန်းအောင်မြင်နေသည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း၊ သို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း၍ Task Force အသွင်ဖြင့် ဆောင်ရွက်ခြင်းက လုပ်ငန်းကိုလျင်မြန်ပြီး ထိရောက်အောင်မြင်မှုများစွာ ရရှိနိုင်မှာဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင်တင်ပြခဲ့သည့် အဆိုနှင့် ပတ်သက်ပြီး Issue တစ်ခုချင်း ခွဲခြားလေ့လာ သုံးသပ်ကြည့်ပါက နိုင်ငံတော်ကဆောင်ရွက်ထားပြီးနှင့် ဆောင်ရွက်နေဆဲလုပ်ငန်းများဖြစ်နေ၍ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ပါကြောင်း။

**အဆိုရှင်တင်ပြခဲ့သော အကြောင်းအချက်အားလုံးကို ပြန်ပေါင်း၍ လေ့လာသုံးသပ်လိုက်မည်ဆိုလျှင် အဆိုရှင်သည် ပြည်ပအလုပ်အကိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံအချို့ကို နမူနာထား၍ မိမိနိုင်ငံ၏ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ယန္တရား(Overseas Employment Mechanism)ကို ပိုမိုထိရောက်အောင်မြင်စေလိုသည့် စေတနာဖြင့် ဆွေးနွေးတင်ပြခြင်းဖြစ်ကြောင်း၊ အဆိုရှင်၏အဆိုကို အကြောင်းအချက်တစ်ခုချင်းအလိုက် မိမိက ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်၍ ငြင်းပယ်ခဲ့သော်လည်း မိမိတို့၌ လုပ်စရာ အလုပ်များ မကျန်တော့ဟု ဆိုလိုခြင်း မဟုတ်ပါကြောင်း၊ ပြည်ပရောက်ရွှေ့ပြောင်းလုပ်သားများ၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးအတွက် သော်လည်းကောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အကျိုး ကျေးဇူးများကို ရရှိရန်သော်လည်းကောင်း ပြည်ပအလုပ်အကိုင်ဆိုင်ရာ ယန္တရား၏ ဟာကွက်ပျော့ကွက်များကို ပြုပြင် ပြောင်းလဲရန်အတွက်သော် လည်းကောင်း ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းအဆင့်ပေါင်းများစွာ ကျန်ရှိနေသေးပါကြောင်း၊ ဤနေရာတွင် အချိန်ကို ငဲ့ညှာသောအားဖြင့် အနည်းဆုံးမဖြစ်မနေ လုပ်ဆောင်သွားရမည့် လုပ်ငန်းနယ်ပယ်နှစ်ရပ်အကြောင်းကိုသာရှင်းလင်းဆွေးနွေးလိုပါကြောင်း။**

**တစ်ခုမှာ Institution မပြည့်စုံသေးခြင်း ဖြစ်ပါကြောင်း၊ Institution နှင့် ပတ်သက်ပြီး မိမိတွင် တင်ပြစရာ အကြောင်းအချက်များစွာ ရှိပါကြောင်း၊ သို့ရာတွင် အဓိကကျသော တစ်ချက်ကိုသာ စဉ်းစား ချင့်ချိန်နိုင်ရန် တင်ပြလိုပါကြောင်း၊ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ အလုပ်လုပ်ကိုင်နေသော နိုင်ငံတစ်ခုချင်းစီနှင့် Bilateral agreement များကို ပိုမိုပြီး ချုပ်ဆိုနိုင်ရန်၊ ချုပ်ဆိုပြီး MoU, MoA များကိုလည်း မြန်မာအလုပ်သမားများ၏ အကျိုးစီးပွားကို အာမခံနိုင်သည်အထိ တဖြည်းဖြည်း အဆင့်မြှင့်တင်ပေးရန် ဖြစ်ပါကြောင်း၊ ယင်းအလုပ်က အချိန်များစွာယူရသည့် အလုပ်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံချင်းနှင့် ဆွေးနွေး ညှိနှိုင်းနေခြင်းများ ရှိသကဲ့သို့ IOM အကူအညီဖြင့်လည်း တိုးချဲ့ဆောင်ရွက်နိုင်ရန် ကြိုးစားအားထုတ်လျက်ရှိပါကြောင်း၊ နောက်လုပ်ငန်းနယ်ပယ်တစ်ခုမှာ ပြည်ပအလုပ်အကိုင်ဆိုင်ရာဝန်ဆောင်မှုများ ပြုလုပ်ပေးနေကြသော ပြည်တွင်း၊ ပြည်ပ အေဂျင်စီများနှင့် မြန်မာရွှေ့ပြောင်း အလုပ်သမားများကိုယ်တိုင် (Short-sighted short cut) အမြင်တိုသော ဖြတ်လမ်းအသုံးပြုခြင်း၏ ဆိုးကျိုးများကို ဆင်ခြင်တုံတရားရှိရှိဖြင့် ရှောင်ရှားနိုင်ကြပြီး မိမိတို့၏ ရေရှည်အကျိုး၊ မိမိတို့ မိသားစုအကျိုး၊ မိမိနိုင်ငံအကျိုး အတွက် (on the right track) လမ်းကြောင်း အမှန်ကို အသုံးပြုသည့် ဓလေ့ထွန်းကား လာရန်တို့ဖြစ်ပါကြောင်း၊ အဆိုရှင်ကဲ့သို့ပင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အကျိုးစီးပွားအတွက်စိတ်ကောင်းစေတနာကောင်းထားရှိကြသူတိုင်းသည် မိမိတင်ပြခဲ့သည့် (Institutional Development & Cultural Change)အတွက် မြန်မြန်ဆန်ဆန်ဖြစ်မြောက်လာ စေရန် မိမိတို့ တတ်နိုင်သည့်အပိုင်းက အကူအညီပေးသွားကြစေလိုကြောင်း၊ ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်သွား ကြစေလိုကြောင်း၊ ရွှေ့ပြောင်း အလုပ်သမားများနှင့် ပတ်သက်၍ ဝန်ဆောင်မှု အမျိုးမျိုးပေးနေကြသော လူပုဂ္ဂိုလ်အဖွဲ့အစည်းများ အားလုံးနှင့် ရွှေ့ပြောင်းအလုပ်သမားများ ကိုယ်တိုင်ကလည်း (Wisdom of Big-picture thinking) အမြင်ကျယ်သော စဉ်းစားတွေးခေါ်ခြင်း၏ ဉာဏ်ပညာများ တိုးပွားရရှိနိုင်ကြ ပါကြောင်း** ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဇင်းနောက် လွှတ်တော်နာယက က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး၏ အဆိုအပေါ် ဆွေးနွေးသူ (၃)ဦးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးတို့က ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးပြီးဖြစ်ပါကြောင်းနှင့် အဆိုရှင်၏ သဘောထားကို သိလိုပါကြောင်း မေးမြန်းသည်။

အဆိုတင်သွင်းခဲ့သည့် ဒေါက်တာ မြတ်ဉာဏစိုးက မိမိ၏အဆိုနှင့်စပ်လျဉ်း၍ ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးပေးသွားသည့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအား အထူးကျေးဇူးတင်ပါကြောင်း၊ မိမိ၏ အဆိုနှင့် စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန လက်အောက်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာဌာနခွဲတစ်ခု ဖွင့်လှစ်ထားရှိပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိနေခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့ ပူးပေါင်း၍ Task Force အသွင်ဖြင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ခြင်း၊ ပြည်ပရောက် ရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် အကူအညီလိုအပ်ပါက ပြည်ပရှိ မြန်မာသံရုံးများတွင် အချိန်မရွေး တောင်းခံနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်အပိုင်းကပြည့်စုံစွာဆောင်ရွက်ပေးထားသည်ကို နားလည်သဘောပေါက်ပြီဖြစ်ပါကြောင်း၊ ဝန်ကြီးတင်ပြခဲ့သည့် Institutional Development & Cultural Change အတွက် တတ်နိုင်သည့်အပိုင်းက ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီး၏ရှင်းလင်းပြောကြားချက်များကိုလည်း မဲဆန္ဒရှင်ပြည်သူများထံ လက်ဆင့်ကမ်း ချပြရှင်းလင်းသွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိ၏အဆိုကို ဆက်လက်ဆောင်ရွက်ရန်မလိုဘဲမှတ်တမ်းအဖြစ်သာထားရှိပေးပါရန် တင်ပြသည်။

ယင်းသို့ ကာယကံရှင်၏ တင်ပြချက်အပေါ် လွှတ်တော်က သဘောတူသည့်အတွက် ဒေါက်တာမြတ်ဉာဏစိုး၏ အဆိုအား မှတ်တမ်းအဖြစ်သာထားရှိရန်နှင့် ဆက်ဆောင်ရွက်ရန်မလိုအပ်ကြောင်း အတည်ပြုသည်။

(သတင်းစဉ်)

# ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၏အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးကြပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းက ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၂၈

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၏ **"နိုင်ငံတော်အတွင်း ကြက်၊ ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းကြောင့် ကြက်၊ ဘဲများအား သုတ်သင်ရှင်းလင်းရသည့်အခါ မွေးမြူရေးသမား နိုင်ငံသား လုပ်ငန်းရှင်များ မနစ်နာစေရန်အတွက် လျော်ကြေး သို့မဟုတ် ထောက်ပံ့ငွေပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အထူးချေးငွေ ထုတ်ချေးပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်အေးက Zoonosist ဟု ခေါ်သည့် တိရစ္ဆာန်မှ လူသို့ကူးစက်သော ရောဂါများသည် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) တစ်ခုတည်းမကဘဲ ကျွဲနွားထောင့်သန်းရောဂါ (Anthrax)၊ ခွေးရူးရောဂါ (Rabies)၊ သန်ကောင်ရောဂါ (Tapewarm)စသည်ဖြင့် ရောဂါများများစွာရှိပါကြောင်း၊ ရေလုပ်ငန်းပိုင်းဆိုင်ရာ မွေးမြူရေးမှာလည်း အလားတူပြဿနာများရှိပါကြောင်း၊ ဤသို့ ရောဂါဖြစ်ပွားတိုင်း၊ Out-Break ဖြစ်တိုင်း လျော်ကြေးပေးရသည်ဆိုခြင်းမှာ မှန်ကန်သော ဖြေရှင်းနည်းမဟုတ်ပါကြောင်း၊ မိမိပေါ့ဆမှုကြောင့် လုပ်သင့်လုပ်ထိုက်သည့် ကြိုတင်ကာကွယ်ခြင်းများကို လုပ်ကိုင်ခြင်းမရှိမှုတို့ကြောင့် ရောဂါကို ဖိတ်ခေါ်သကဲ့သို့ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ယိုယွင်းကာ ရောဂါပေါက်ပွားပျံ့နှံ့လာရမှုလည်းရှိပါကြောင်း။

၂၀၀၆ ခုနှစ် ရောဂါစဖြစ်စတွင် အိမ်နီးချင်းနိုင်ငံ၌ ရောဂါဖြစ်ပွားမှု သတင်းအမြန်ဆုံးရရှိရေး၊ ရောဂါမပြန့်ပွားစေရေးအတွက် လျော်ကြေးပေး သည့်စနစ်ကို ကျင့်သုံးပြီး ရောဂါ ထောက်လှမ်းမှုကို ယာယီအနေဖြင့်လုပ်ခဲ့ပါကြောင်း၊သို့သော်လည်း H5 N1 ရောဂါကို အပြည့်အဝ ကာကွယ်မှု မလုပ်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ လေးကြိမ်ဖြစ်ပွားခဲ့ပါကြောင်း၊ ယခုဆိုလျှင် မိမိတို့နိုင်ငံ၌ မွေးမြူရေး လုပ်ငန်းအဖွဲ့များဖွဲ့စည်းနိုင်သည့်အတွက် မွေးမြူသူအချင်းချင်း အမြန်ဆုံး သတင်းရရှိပြီး အချိန်မီဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ အမှန်တကယ် ဤပြဿနာကို ဖြေရှင်းမည် ဆိုလျှင် လျော်ကြေးပေးခြင်းသံသရာသည် ထပ်ခါထပ်ခါ လည်နေမည်ဖြစ်သည့်အတွက် လျော်ကြေးပေးခြင်းထက် အောက်ပါ အပိုင်း (၂)ပိုင်းကို ဦးစားပေး လုပ်သင့်သည်ဟု မြင်ပါကြောင်း။

**ကြိုတင်ကာကွယ်ခြင်းအနေဖြင့် မွေးမြူရေးခြံများကို အဆင့်မီကျန်းမာရေး စောင့်ရှောက်မှုနှင့် ကောင်းမွန်သည့် ဇီဝလုံခြုံမှုစနစ် (Biosecurity) နည်းမှန် လမ်းမှန် ဆောင်ရွက်သင့်ပါကြောင်း၊ ဆောင်ရွက်ရန် နည်းလမ်းများလည်း ထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ သို့မှသာ လူစားသုံးမှုအတွက် (Food Safety) လုံခြုံစိတ်ချရသည့် အစားအစာများလည်း ဖြစ်မည်ဖြစ်ပါကြောင်း၊ မွေးမြူသူများကလည်း ရောဂါနှင့် ပတ်သက်သည့် ပညာဗဟုသုတများရှိရန် လိုအပ်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အဖွဲ့ချုပ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊** ဆောင်းခိုငှက်များ ရောက်လာတတ်သည့် ဆောင်းဦးရာသီ ကာလများတွင် မွေးမြူကောင်ရေ (bird density)ကို

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍



မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း ပြန်လည် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

(29-3)07.pmd 1 3/29/2011, 2:21 AM

❖ **ကျောဖုံးမှ**

ယခင်ပြပွဲများထက် ကျောက်စိမ်းအတွဲ ပိုမိုရောင်းချခဲ့ရခြင်းပင် ဖြစ်သည်။ ကျောက်စိမ်းအတွဲများ တင်ပြရောင်းချမှုမှာ ပြီးခဲ့သည့်နှစ်ပြပွဲထက် နှစ်ဆခန့်ရှိပြီး ရောင်းချရမှုမှာလည်း ယခင်ပြပွဲများထက်များစွာပိုမိုသကဲ့သို့ အရည်အသွေးအလိုက် တန်ဖိုးပေးဝယ်ယူရာတွင်လည်း ဈေးနှုန်းပိုမိုမြင့်မားလာကြောင်း တွေ့ရှိရသည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချခဲ့ရသည့် ကျောက်စိမ်းအတွဲများ အခြေအနေကို သုံးသပ်ကြည့်မည်ဆိုပါက သတ်မှတ်သင့်သည့် အခြေခံဈေးအတိုင်း တင်ပြထားသည့် အရည်အသွေးမီ ကျောက်စိမ်းအတွဲများ၊ အခြေခံဈေး သင့်တင့်မျှတစွာ သတ်မှတ်တင်ပြထားသည့် အရည်အသွေးနှင့်အရွယ်အစား ညီညွတ်မျှတအောင် ဖွဲ့စည်းထားသည့် ကျောက်စိမ်းအတွဲများ၊ အခြေခံဈေး သင့်တင့်မျှတစွာ သတ်မှတ်တင်ပြထားသည့် အပြစ်အနာနည်း၍ အလုံးအဖန်ကောင်းပြီး ကျောက်သားကောင်းမွန်သည့် ကျောက်စိမ်းအတွဲများ၊ တန်ဖိုးကြီး လုံးချောစေ့ထုတ်ယူနိုင်သည့် စံရည်မီအရည်ကျောက်များနှင့် အဆင့်မီဘော်လီသားများ၊ တန်ဖိုးကြီး လက်ကောက်နှင့် ရုပ်တုရုပ်ထွင်းများ ထုတ်ယူရရှိနိုင်မည့် ပဲရည်၊ ပဲသား၊ ချွမ်၊ ပဲစိမ်းကြား၊ ဖြူကြည်၊ ပြာကြည်၊ ကစွန်းပန်း၊ လန့်ပန်း၊ အသားဆန်းတို့ဖြင့် ဖွဲ့စည်းထားသည့် ကျောက်စိမ်းအတွဲများဖြစ်သည်ကို တွေ့ရသည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းဆပ်ကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲထွဋ်က "ဒီပြပွဲမှာ ကျောက်စိမ်းအတွဲအရေအတွက် များပြားလို့ နေရာတိုးချဲ့ခင်းခဲ့ရတယ်။ ဒီလိုနေရာတိုးချဲ့ခင်းပေမယ့်လည်း ပြည်တွင်းပြည်ပရတနာကုန်သည်တွေ ရှိသမျှနေရာစုံကို ရောက်အောင်သွားကြည့်ပြီး ဝယ်ကြတာတွေ့ရတယ်။ ဒီပွဲမှာလည်း အရင်ပွဲတွေလိုပဲ ကျောက်ကြီး၊ ကျောက်ကောင်းတွေများပါတယ်။ ရောင်းချရတဲ့ တစ်ပွဲပျမ်းမျှတန်ဖိုးဆိုရင်လည်း ပြီးခဲ့တဲ့နှစ်လယ်ပြပွဲထက် ပိုတက်လာတာတွေ့ရတယ်။ ဝယ်ယူကြတဲ့ ကျောက်စိမ်းအမျိုးအစားအနေနဲ့ကတော့ သိပ်မထူးခြားပါဘူး။ အရည်၊ အထည်၊ အသားကျောက်တွေကို သူတို့ရဲ့ ဈေးကွက်ရှိမှုအပေါ်မူတည်ပြီး ဝယ်ကြပါတယ်။ အထူးသဖြင့် အချောထည်တွေထုတ်လုပ်ဖို့နဲ့ သိမ်းဆည်းထားဖို့ ဝယ်ကြတာတွေ့ရတယ်"ဟု ပြောကြားသည်။

ယခုပြပွဲတွင် တင်ဒါစနစ်ဖြင့် ကျောက်မျက်အတွဲ ၁၅၆ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်မျက်အတွဲ ၅၀ စုစုပေါင်း ကျောက်မျက်အတွဲ ၂၀၆ တွဲ တင်ပြရောင်းချခဲ့ရာ တင်ဒါစနစ်ဖြင့် ကျောက်မျက်အတွဲ ရှစ်တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်မျက် အတွဲ ၂၂ တွဲ စုစုပေါင်း ကျောက်မျက် အတွဲ ၃၀ ရောင်းချခဲ့ရသည်။

ယခုပြပွဲတွင် တင်ဒါစနစ်ဖြင့် ပုလဲအတွဲ ၂၅၅ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ပုလဲအတွဲ ၃၀ စုစုပေါင်း ပုလဲအတွဲ ၂၈၅တွဲ တင်ပြရောင်းချခဲ့ရာ တင်ဒါစနစ်ဖြင့် ပုလဲအတွဲ ၂၂၃ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ပုလဲအတွဲ ၃၀ စုစုပေါင်းပုလဲအတွဲ ၂၅၃ တွဲ ရောင်းချခဲ့ရသည်။

မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိန်လွင်က "ဒီပြပွဲမှာ ပုလဲအတွဲအနေနဲ့ ၉၉ ရာခိုင်နှုန်းကျော် ရောင်းချခဲ့ရပါတယ်။ အရင်ပွဲတွေထက် ပုလဲလုံး အရွယ်အစား ကြီးတဲ့အတွက် အပြိုင်အဆိုင်ဝယ်ကြတာ တွေ့ရတယ်။ ပေါက်ဈေးထက်မြင့်မားတဲ့ ဈေးနှုန်းရရှိပါတယ်။ ဝယ်လက်အနေနဲ့ကတော့ ဂျပန်နိုင်ငံက ကုန်သည်တွေက အများဆုံးဝယ်ယူကြပါတယ်။ ပုလဲထွက်တဲ့ နိုင်ငံလေးနိုင်ငံရှိတဲ့အနက် မြန်မာနိုင်ငံက ထွက်တဲ့ပုလဲကို နိုင်ငံခြားသားတွေ ပိုမိုကြိုက်နှစ်သက်ကြပါတယ်။ တစ်ကြိမ်ထက်တစ်ကြိမ် ပုလဲအတွဲတွေ တိုးတက်ရောင်းချနိုင်ဖို့ ဆွဲဆောင်မှုရှိအောင် လုပ်ဆောင်သွားမှာပါ" ဟု ပြောကြားသည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ရတနာကုန်သည် ၄၇၁၉ ဦး၊ ပြည်တွင်းရတနာကုန်သည် ၄၀၀၀ စုစုပေါင်း ပြည်တွင်းပြည်ပ ရတနာကုန်သည် ၈၇၁၉ ဦး တက်ရောက်ခဲ့ကြသည်။ နေပြည်တော်ရှိ ဟိုတယ်များ၏ ဝန်ဆောင်မှုကောင်းမွန်ခြင်းကြောင့် တည်းခိုနေထိုင်ရေး အဆင်ပြေမှုရှိခဲ့ကြောင်း သိရသည်။

တည်းခိုနေထိုင်ရေး ဆပ်ကော်မတီသည် ပြည်ပရတနာကုန်သည်များ နေထိုင်မှုအဆင်ပြေစေရန်အတွက် နေပြည်တော်ရှိ ဟိုတယ် ၂၃ ခုတွင် အခန်းပေါင်း ၁၆၈၀ ကို ကြိုတင်စီစဉ်ထားခဲ့ရာ မတ် ၁၄ ရက်တွင် ပြည်ပရတနာကုန်သည် ၃၈၈၀ ဦးအထိ အများဆုံးတည်းခိုခဲ့ကြောင်း သိရသည်။

ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီသည် ဟိုတယ် ၂၃ ခုရှိ စားသောက်ခန်းမ ၂၃ ခုနှင့် စားသောက်ဆိုင် ၃၁ ဆိုင်တွင် ဧည့်သည် ၅၅၇၅ ဦး တစ်ပြိုင်တည်း စားသောက်နိုင်ရန် စီစဉ်ပေးခဲ့ပြီး အထူးအစီအစဉ်အဖြစ် အိုအေစစ်ဟိုတယ်၌ ဖူမန်လုံ စားသောက်ဆိုင်ကို မတ် ၈ ရက်မှ စတင်ဖွင့်လှစ်၍ တရုတ်ရတနာကုန်သည်များ အကြိုက်တွေ့စေမည့်ပင်လယ်စာများကို အဓိကထား ရောင်းချပေးခဲ့သည်။

ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီသည် ကွမ်းကျိုး-နေပြည်တော် စင်းလုံးငှားလေယာဉ်ခရီးစဉ်ကို အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းဖြင့် လည်းကောင်း၊ ရှမ်းတုံ-ရန်ကုန် စင်းလုံးငှားလေယာဉ်ခရီးစဉ်ကို China Southern Airlines ဖြင့် လည်းကောင်း၊ မကာအို-ရန်ကုန် စင်းလုံးငှားလေယာဉ်ခရီးစဉ်ကို Air Macau ဖြင့် လည်းကောင်း စီစဉ်ပေးခဲ့၍ ပြည်ပရတနာကုန်သည်များ အလာခရီးစဉ်နှင့် အပြန်ခရီးစဉ်များ အဆင်ပြေချောမွေ့မှုရှိခဲ့ကြောင်း သိရသည်။ နေပြည်တော်တွင် နေထိုင်စဉ်ကာလအတွင်း သွားလာမှု အဆင်ပြေစေရေးအတွက် ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ ပါရမီအငှားယာဉ်များဖြစ်သည့် ဆလွန်းကားနှင့် ဗင်ကားမျိုးစုံတို့ဖြင့် ပြေးဆွဲပေးခဲ့ရာ ပြီးခဲ့သည့်နှစ်လယ်ပြပွဲထက် အဆင်ပြေစွာ သွားလာနိုင်ကြသည်ကိုတွေ့ရသည်။

ပြန်ကြားရေး ဆပ်ကော်မတီသည် ရတနာပြပွဲကာလအတွင်း ရတနာပြပွဲသတင်းများကို မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများ၌ နေ့စဉ်အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြနိုင်ရေးအတွက် ဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူအဆင့်ဆင့်တို့က ကြီးကြပ်စီစဉ်ဆောင်ရွက်ပေးခဲ့ရာ တစ်နိုင်ငံလုံးမှ ပြည်သူများအနေဖြင့် ရတနာပြပွဲသို့ ကိုယ်တိုင်ရောက်ရှိကြသည့် အလားစိတ်ဝင်စားမှုများပြားခဲ့ကြောင်း သိရသည်။

ဆက်သွယ်ရေးဆပ်ကော်မတီသည် ရတနာပြပွဲသို့တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ဆက်သွယ်ရေး လွယ်ကူမှုရှိစေရန်အတွက် GSM တယ်လီဖုန်းများတွင် အသုံးပြုနိုင်သည့် FEC 20 တန်ကတ်များနှင့် CDMA တယ်လီဖုန်းများတွင် အသုံးပြုနိုင်သည့် FEC 20 တန်ကတ်များကို ရောင်းချပေးခဲ့ပြီး မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ Wi-Fi Internet အခမဲ့ အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း တရုတ်ဘာသာကျွမ်းကျင်သူ ဒေါ်နိုင်နိုင်မော်၏ အကူအညီဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရတနာကုန်သည်အချို့နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ နေထိုင်သူ အသက်(၃၆)နှစ်အရွယ်ရှိ ရတနာကုန်သည် ဟူယွမ်ဖုန်းက "ဒီရတနာပြပွဲကို ဒုတိယအခေါက်လာဖြစ်တာပါ။ ဒီတစ်ခါ ကျောက်ခင်းကျင်းမှုပိုများပြီး နေရာလည်းပိုကျယ်တယ်။ အရင်တစ်ခေါက်လာတုန်းက ကျောက်ကောင်းတွေ ပိုရတယ်ဆိုပေမယ့် အခုလည်းသိပ်မကွာပါဘူး။ သွားလာရေး အဆင်ပြေပါတယ်။ မြန်မာပြည်ရောက်တုန်းမှာ မြန်မာထမင်းဟင်းတွေကိုပဲ ပိုစားဖြစ်ပါတယ်။ အခုဝယ်ထားတဲ့ ကျောက်တွေကို လေးငါးခြောက်လထားပြီး ဘာလုပ်ရင်သင့်မလဲ ကြည့်ရမယ်။ ပြီးမှ အထည်လုပ်သင့်တာတွေကို လုပ်ရမယ်။ ကိုယ်ပိုင်အချောထည်စက်ရုံတော့ မရှိသေးပါဘူး။ နေပြည်တော်မှာနေရတာ ကျယ်ကျယ်ဝန်းဝန်းရှိပြီး လေကောင်းလေသန့်ရှူရှိုက်ရလို့ သဘောကျပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်၌နေထိုင်သူ အသက်(၅၉)နှစ်အရွယ်ရှိ ကျိုချွမ်မြန် ကလည်း "၁၉၈၉ ခုနှစ်ကစပြီး နှစ်တိုင်းလာဝယ်တာ အခုဆိုရင် (၂၃)နှစ်ရှိသွားပါပြီ။ (၁၀) နှစ်ဆက်တိုက် လာဝယ်တဲ့ဆုနဲ့ အနှစ်(၂၀)ဆက်တိုက် လာဝယ်တဲ့ဆုတွေလည်း ရထားပြီးပါပြီ။ ကျောက်စိမ်းလုပ်ငန်းလုပ်နေတာဖြစ်တဲ့အတွက် မြန်မာပြည်ကို လာကိုလာရမယ်။ မလာချင်လို့ မရဘူးလေ။ တစ်ခေါက်မလာရင် တစ်ခေါက်အခွင့်အရေးဆုံးရှုံးမယ်။ လေလံဆွဲလို့ အောင်တာ မအောင်တာကတစ်ပိုင်း၊ လာတာကတော့ လာကိုလာရမယ်။ တရုတ်ပြည်မှာ ကျောက်စိမ်းက ဈေးသိပ်မြင့်တယ်။ ကျောက်စိမ်းဈေးကွက်ကို အမြဲလေ့လာနေရတယ်။

ဒီဘက်ပိုင်းပြပွဲတွေမှာ ဈေးနှုန်းမြင့်လို့ လေလံအောင်ဖို့ခက်တယ်။ တာဝန်ရှိသူတွေအပိုင်းက စီစဉ်ပေးတာတွေ သိပ်ကောင်းပါတယ်။ နေပြည်တော်ကို လေကြောင်းလိုင်းတွေ တိုက်ရိုက်ဆင်းနိုင်တဲ့ အချိန်ရောက်ရင် ပိုကောင်းမယ်ထင်တယ်။ အခုထက်ပိုပြီး ဟိုတယ်အခန်းတွေများလာရင်လည်း ပိုကောင်းမယ်လို့ထင်တယ်။ စားသောက်ဆိုင်နဲ့ သွားလာရေးက အဆင်ပြေပါတယ်။ မဏိရတနာ ကျောက်စိမ်းခန်းမက ကျယ်ဝန်းပြီး လေအေးစက်လည်းနိုင်တယ်။ နေပြည်တော်က သန့်ရှင်းသပ်ရပ်မှုရှိပြီး လေကောင်းလေသန့်ရလို့ နေထိုင်ရတာ သိပ်ကောင်းပါတယ်" ဟု ပြောကြားသည်။

ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်ပြီး ကျောက်စိမ်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသဖြင့် ကျောက်စိမ်းဝယ်လိုအားနှင့် ဈေးကွက်မြင့်မားလျက်ရှိခြင်း၊ ဒေါ်လာနှင့် ယူရိုငွေတန်ဖိုးများ ကျဆင်းသော်လည်း ယွမ်ငွေတန်ဖိုး ခိုင်မာလျက်ရှိခြင်း၊ အခြားစီးပွားရေးလုပ်ငန်းရှင်များ ကျောက်စိမ်းရောင်းဝယ်ရေးလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံလာခြင်း၊ အချောထည်များ ပြုလုပ်ရန် ကုန်ကြမ်းလိုအပ်ချက် ရှိခြင်း၊ ဝယ်ယူသွားသည့် ကျောက်စိမ်းအပေါ်မှ အမြတ်အစွန်းရရှိခြင်း၊ ထူးခြားရှားပါးသည့် အရည်အသွေး အဆင့်မြင့်ကျောက်စိမ်းတွဲများကို ရင်းနှီးမြှုပ်နှံမှုအနေဖြင့် သိမ်းဆည်းထားရှိရန် ဝယ်ယူခြင်းတို့ကြောင့် တက်ရောက်သည့် ရတနာကုန်သည်များ လျော့သွားခြင်းမရှိသည့်အပြင် ကုန်သည်အသစ်များပါ တက်ရောက်လာကြပြီး အပြိုင်အဆိုင် ဝယ်ယူခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲများသို့ နှစ် (၄၀) ဆက်တိုက် တက်ရောက်သူ တစ်ဦး၊ နှစ် (၃၀) ဆက်တိုက် တက်ရောက်သူ တစ်ဦး၊ နှစ် (၂၀)ဆက်တိုက် တက်ရောက်ကြသူ နှစ်ဦး၊ (၁၅)နှစ်ဆက်တိုက် တက်ရောက်ကြသူ နှစ်ဦးနှင့် (၁၀)နှစ်ဆက်တိုက် တက်ရောက်ကြသူ ၂၇ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

ထို့ပြင် ကျောက်စိမ်းအတွဲများ စုစုပေါင်းတန်ဖိုးအများဆုံးဝယ်ယူသည့် ရတနာကုန်သည်၊ ကျောက်မျက်အတွဲများ စုစုပေါင်းတန်ဖိုး အများဆုံးဝယ်ယူသည့် ရတနာကုန်သည်နှင့် ပုလဲအတွဲများ စုစုပေါင်းတန်ဖိုး အများဆုံးဝယ်ယူသည့် ရတနာကုန်သည်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသည် နေပြည်တော်၌ ဒုတိယအကြိမ် ကျင်းပသည့် ပြပွဲဖြစ်ပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များ စိတ်ဝင်တစားဖြင့် များပြားစွာတက်ရောက်ခဲ့ကြသကဲ့သို့ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို အပြိုင်အဆိုင် ဈေးပေးဝယ်ယူခဲ့ကြသည်။ ယခင်ပြပွဲထက် ရောင်းချရသည့် ကျောက်စိမ်းအတွဲအရေအတွက်များပြားပြီး ရောင်းရငွေတန်ဖိုးမှာလည်း အမြင့်မားဆုံးစံချိန်တင်နိုင်ခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီသည် ဆပ်ကော်မတီများဖွဲ့စည်း၍ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် ပေါင်းစပ်ညှိနှိုင်းကာ နေပြည်တော်၌ အစီအစဉ်သစ်များဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို တစ်ပွဲထက်တစ်ပွဲ အောင်မြင်စွာခင်းကျင်းပြသနိုင်ခြင်းဖြင့် ပြည်ပရတနာကုန်သည်များ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏မြို့တော် နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များကို မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရရှိကြရုံသာမက မြန်မာလူမျိုးတို့၏ ဧည့်ဝတ်ကျေပွန်သော ယဉ်ကျေးမှုဓလေ့စရိုက်ကောင်းများကိုပါ သိမြင် ခံစားနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိန်လွင် ပုလဲအတွဲများ ရောင်းချရမှုအခြေအနေကို ရှင်းလင်းပြောကြားစဉ်။**




**(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကာလအတွင်း မဏိရတနာကျောက်စိမ်းခန်းမ၌ ရတနာပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှုကို တွေ့ရစဉ်။**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်မှ ရတနာကုန်သည် ကျိုချွမ်မြန် ကျောက်စိမ်းဝယ်ယူမှုအခြေအနေကို ရှင်းလင်းပြောကြားစဉ်။**



**(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာနေမှုကို တွေ့ရစဉ်။**







ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် လျှောင်ဒဏ်ကြောင့် လျှပ်စစ်မီးပြတ်တောက်သွားခဲ့သည့် တာလေမြို့အတွင်း လျှပ်စစ်မီး ပြန်လည်ရရှိနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ငလျင်ဒဏ်သင့် တာလေမြို့နှင့် ကျေးရွာများအတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ဗိုလ်ချုပ်အောင်သန်းထွဋ် ကြည့်ရှုစစ်ဆေး

**ကြည့်ရှုစစ်ဆေး**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသည့် လူနေအိမ်များအား စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

နေပြည်တော် မတ် ၂၈

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ငလျင်ဒဏ်ကြောင့် တာလေမြို့အတွင်း လျှပ်စစ်မီးပြတ်တောက်သွားခဲ့၍ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက တာလေမြို့နှင့် ငလျင်ဒဏ်သင့်ကျေးရွာများ၌ လျှပ်စစ်မီးပြန်လည်ရရှိရေး ကြိုးစားဆောင်ရွက်နေမှုနှင့် တာလေမြို့အတွင်း လျှပ်စစ်မီးများ ပြန်လည်ရရှိနေမှုတို့ကို မတ် ၂၇ ရက် ည ၈ နာရီတွင် ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။**

ထို့နောက် ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီခွဲတွင် တာလေ တပ်နယ်အစည်းအဝေးခန်းမ၌ ပြည်နယ် အဆင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ဗိုလ်ချုပ်အောင်သန်းထွဋ်က ငလျင်ဒဏ်သင့် မြို့နယ်နှင့်ကျေးရွာများ၌ ကယ်ဆယ်ရေး လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် ငလျင်ဒဏ်သင့် ဒေသခံပြည်သူများအား ယင်လုံအိမ်သာသုံးပစ္စည်းများကို ပေးအပ်စဉ်။**

(သတင်းစဉ်)

## ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ငလျင်ဒဏ်သင့်မြို့နယ်နှင့် ကျေးရွာများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက တင်ပြကြရာ ဗိုလ်ချုပ်အောင်သန်းထွဋ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။







ထို့နောက် နံနက် ၉ နာရီတွင် ငလျင်ဒဏ်ကြောင့် တာလေမြို့နှင့် ငလျင်ဒဏ်သင့်ကျေးရွာများ၌ ရေတွင်း၊ ရေကန်များနှင့် သောက်သုံးရေပေးဝေမှု ပိုက်လိုင်းစနစ်များ ပျက်စီးသွားခဲ့၍ စည်ပင်သာယာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ တာလေမြို့နှင့် ငလျင်ဒဏ်သင့်ကျေးရွာများ၌ သောက်သုံးရေပြန်လည်ရရှိရေး ကြိုးစားဆောင်ရွက်နေမှုနှင့် တာလေမြို့အတွင်း သောက်သုံးရေများ ပေးဝေနေမှု၊ သောက်သုံးရေ ပုံမှန်ပြန်လည်ရရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်အောင်သန်းထွဋ်က သောက်သုံးရေအဖြစ် အသုံးပြုရမည့် ရေတွင်း၊ ရေကန်များအတွင်း ကျန်းမာရေးနှင့် ညီညွတ်စေရန် ကလိုရင်းရေသန့်ဆေးရည်များ စနစ်တကျ ခတ်ကြရန် မှာကြားသည်။

## သရုပ်ပြသ

ဆက်လက်၍ တာလေမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသည့် လူနေအိမ်များကို တာဝန်ရှိသူများက စက်ယန္တရားကြီးများအသုံးပြု၍ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာလေမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်သင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ညီညွတ်စေရန် ယင်လုံအိမ်သာသုံးပစ္စည်းများကို ပေးအပ်၍ တာဝန်ရှိသူတစ်ဦးက ယင်လုံအိမ်သာသုံးပစ္စည်းများ အသုံးပြုပုံကို သရုပ်ပြသသည်။

## ကြည့်ရှုအားပေး

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွဋ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တာလေမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ယာယီဆေးကုသဆောင်များ ဆောက်လုပ်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား လှည့်လည်ကြည့်ရှုအားပေးသည်။

## မီးနှင့်ရေပုံမှန်ပြန်ရ

ငလျင်ဒဏ်သင့် တာလေမြို့နှင့် ကျေးရွာတို့တွင် လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးအတွက် ဒေသအာဏာပိုင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ချက်ချင်းဆောင်ရွက်ပေးခဲ့၍ ယခုအခါ တာလေမြို့နှင့် ကျေးရွာများ၌ လျှပ်စစ်မီးနှင့် သောက်သုံးရေ ပုံမှန်ပြန်လည်ရရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ငလျင်ဒဏ်သင့် ကျကူနီကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းစဉ်။** (သတင်းစဉ်)

# မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

**ရန်ကုန် မတ် ၂၈**

မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၇၂)ကို ယနေ့ဖြန့်ချိလိုက်သည်။

လွယ်မွေမြို့အနီးကို ဗဟိုပြု၍ ပြင်းအား(၇)အဆင့်ရှိ ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုသတင်းစုံနှင့် လေပြင်းဒဏ်ခံခဲ့ရသည့် မြန်မာ့ပင်လယ်ပြင်မှ ရေလုပ်သားများ အကြောင်း၊ အလွမ်းဆုံးနွေအရိပ်သင်္ကြန်ရောက်ခဲ့ပြီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းတွင်မှ ပါဝင်ခဲ့သူမဖြစ်စေရ၊ မော်တော်ယာဉ်များ စတေကာနှင့် ပန်းစည်းလိုက်ကာ တပ်ဆင်မောင်းနှင်ပါက ငွေကျပ်တစ်သိန်း ဒဏ်ရိုက်မည်၊ ဒေါက်တာထွန်းလွင်၏ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များ၊ ယူရို ၁ ဒသမ ၈ သန်းကျော်တန်သော ကျောက်စိမ်းအရိုင်းတုံးကြီး နှစ်တုံးအကြောင်း၊ ပြည်ပမှခိုးဝင်ငါးဖမ်းလှေများ ပြတ်သားစွာအရေးယူသင့်ပြီ၊ မြေငလျင်လှုပ်တယ်ဆိုတာ၊ ဗိုလ်အောင်ကျော်လမ်း မီးပွိုင့်တွင် (၃၃) ယာဉ်လိုင်းကားနှင့် တက္ကစီကားတို့ ထိခိုက်မှုဖြစ်ပွား၊ မူဆယ်မြို့တွင် ကျပ်သိန်း ၃၀၀ ကျော်လုယက်မှုဖြစ်ပွား၊ အခါမဲ့မိုးရွာသွန်းမှုကြောင့် ကျိုက်ထီးရိုးဘုရားဖူးဦးရေနည်းပါး၊ ကမ္ဘာနှင့်နေအကြား ဗုဒ္ဓဟူးဂြိုဟ်ဖြတ်သန်းမည် စသည့် နောက်ဆုံးရပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)




ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း တာလေမြို့အတွင်း သောက်သုံးရေများပေးဝေနေမှု၊ သောက်သုံးရေ ပုံမှန်ပြန်လည်ရရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစာမျက်နှာ - ၁၁) (သတင်းစဉ်)

## ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေးရည်သန်လျက် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (Continuing Professional Development Forum)ကို မတ် ၃၀ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီမှ ညနေ ၃ နာရီခွဲထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်သည်။

### တက်ရောက်နိုင်

ဆွေးနွေးပွဲတွင် မိသားစုကျန်းမာရေး စောင့်ရှောက်မှုစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းနှင့် အထူးကုသမားတော်ကြီးတစ်ဦးအား တွေ့ဆုံခြင်းအစီအစဉ်တွင် "Pearls & Pitfalls in Management of Lower G.I Problems in General Practice" တို့ ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)



အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ကျကူနီကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် သိန်း ၅၀ ကို ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစာမျက်နှာ - ၁၁) (သတင်းစဉ်)



အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသော လျှော်ဒဏ်သင့် တိုင်းရင်းသား ဒေသခံပြည်သူများ အတွက် လှူဒါန်းငွေကျပ် သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစာမျက်နှာ - ၁၁) (သတင်းစဉ်)



ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ယာယီဆေးကုသဆောင်များ ဆောက်လုပ်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။ (သတင်းစာမျက်နှာ - ၁၁) (သတင်းစဉ်)

# ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းသုံးသပ်အစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၂၈

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်တို့နှင့်အတူ မတ် ၂၇ ရက် နံနက် ၁၁ နာရီတွင် တာချီလိတ်မြို့ တပ်နယ်ရိပ်သာ၌ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခရိုင်အဆင့်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တာချီလိတ်ခရိုင်အတွင်းရှိ ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းသုံးသပ်မှုအစည်းအဝေးကို ကျင်းပသည်။**

အစည်းအဝေးတွင် ဝန်ကြီးက ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်ပြီး တစ်ဆက်တည်းတွင် Relief ပိုင်းဖြစ်သည့် အသက်ရှင်ကျန်ရစ်သူများအတွက် သက်သာမှုရအောင် ဆောင်ရွက်ပေးသည့် အပိုင်းများ စတင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများသည် End - to - End စနစ်အတိုင်း ပြည်သူလက်ထဲ ရောက်သည်အထိ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ဌာနတစ်ခုချင်းအလိုက် ခွဲခြားဆောင်ရွက်ခြင်းမဟုတ်ဘဲ အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဥပမာ- အပျက်အစီးများ ဖယ်ရှားရှင်းလင်းရာတွင် စည်ပင်သာယာရေးဦးစီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရကြောင်း၊ စက်ယန္တရားများရှိသည့် ဌာနများက ပူးပေါင်းဆောင်ရွက်မှသာ လုပ်ငန်းများ သေသေသပ်သပ်နှင့် လျင်မြန်စွာပြီးစီးမည်ဖြစ်ကြောင်း၊ ပြည်နယ်အဆင့်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်သကဲ့သို့ ခရိုင်အဆင့်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ဒုတိယဝန်ကြီးများက ဆွေးနွေးကြပြီး ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြကာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငလျင်ဒဏ်သင့် တိုင်းရင်းသား ဒေသခံပြည်သူများအတွက် လှူဒါန်းငွေကျပ် သိန်း ၃၀၀ ကို တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးကျော်ငြိမ်းအောင်ထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ငလျင်ဒဏ်သင့် ကျကူနီကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ကို ထပ်ဆင့်လှူဒါန်းသည်။

### ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် ကျကူနီကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမီး၏



မတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ဒဏ်သင့်ပြည်သူများအတွက် ထိုင်းနိုင်ငံ ချိန်းရိုင်းခရိုင် ပြည်သူများ လှူဒါန်းသော ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် တာချီလိတ်မြို့ အမှတ်(၁) ချစ်ကြည်ရေးတံတား၌ ကျင်းပရာ ချိန်းရိုင်းခရိုင် ပြည်သူများ လှူဒါန်းသော မိုးကာတဲများ၊ စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်နှင့် ရေသန့်ဘူးများ၊ လူသုံးကုန်ပစ္စည်းများကို ချိန်းရိုင်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် ထိုင်း-မြန်မာနယ်ခြားကော်မတီဥက္ကဋ္ဌတို့က ပေးအပ်လှူဒါန်းရာ တာချီလိတ်ခရိုင်မှ တာဝန်ရှိသူများက လက်ခံစဉ်။

(ဝ၆ဝ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

# ကျောက်စိမ်းအတွဲများ စံချိန်တင်ရောင်းချခဲ့ရသော (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ

နေပြည်တော်၌ ဒုတိယအကြိမ်မြောက်ကျင်းပသော မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်သည်။ နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၀ ရက်မှ ၂၂ ရက်အထိ ၁၃ ရက်တိုင်တိုင် ကျင်းပခဲ့သော (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သမိုင်းတစ်လျှောက်တွင် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသမှုအနေဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲများ ရောင်းချရမှုအရေအတွက်အနေဖြင့် လည်းကောင်း၊ ရောင်းချရသည့်ဈေးနှုန်းတန်ဖိုးအားဖြင့် လည်းကောင်း၊ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ တက်ရောက်မှုအနေဖြင့်လည်းကောင်း စံချိန်တင်ကာ အောင်မြင်မှုမြင့်မြင့်မားမားရရှိခဲ့လေသည်။



(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုကို တွေ့ရစဉ်။

သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-ကိုထွေးနှင့် ထိန်နန်နော်(သတင်းစဉ်)

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲ ၁၆၆၀၁ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲ ၃၂၅ တွဲ စုစုပေါင်း ကျောက်စိမ်းအတွဲ ၁၆၉၂၆ တွဲကို ခင်းကျင်းပြသ ရောင်းချခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက် ရတနာပြပွဲထက် ကျောက်စိမ်းအတွဲများ ပိုမိုများပြားသဖြင့် မဏိရတနာ ကျောက်စိမ်းခန်းမ အနီးဝန်းကျင်၌သာမကဘဲ ကျောက်စိမ်းဥယျာဉ် အနီးရှိ မော်တော်ယာဉ်ရပ်နားကွင်းနှင့် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်(နေပြည်တော်)အနီးတစ်ဝိုက်တွင်ပါ နေရာတိုးချဲ့ခင်းကျင်းပြသ ခဲ့ရသည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲ ၁၃၃၈၀ ဈေးပြိုင်စနစ်ဖြင့် ၂၂၈ တွဲ စုစုပေါင်း ၁၃၆၀၈ တွဲရောင်းချနိုင်သဖြင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**❖

## ကပ္ပလီပင်လယ်ပြင်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသဖြင့် စောင့်ကြည့်လျက်ရှိ

**နေပြည်တော် မတ် ၂၈**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်ခြင်းရှိ /မရှိ စောင့်ကြည့်လျက်ရှိသည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)